# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၆) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (11-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၅၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



(၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပနေမှုကို တွေ့ရစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

(၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် **Jeng Phang** နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးဇော်အေးမောင်တို့ တက်ရောက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာညွှန့်ကြိုအကဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့




ရတနာပုံ
၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# စည်းကမ်းရှိရှိ သန့်ရှင်းသာယာ နိုင်ငံ့ဂုဏ်သိက္ခာ

တစ်ဦးချင်း၏ တစ်ကိုယ်ရေသန့်ရှင်းမှု၊ သပ်ရပ်စွာဝတ်စားဆင်ယင်မှုမှသည် မိမိမြို့နယ်၊ မိမိဒေသ၊ မိမိတိုင်းပြည်တစ်ခုလုံးအထိ သန့်ရှင်းသာယာလှပနေရမည်ဖြစ်သည်။ လူတစ်ဦးချင်း၏ သန့်ရှင်းသပ်ရပ်စွာနေထိုင်တတ်မှုသည် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် စည်းကမ်းစနစ်တကျရှိမှုတို့ကို ပြသနေခြင်းပင်ဖြစ်သည်။

မိမိတို့၏နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသောလူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ **Clean City**၊ **Clean Village** များဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် မိမိအိမ်၊ မိမိပတ်ဝန်းကျင်၊ မိမိမြို့ရွာသန့်ရှင်းသာယာနေရန် မိမိတတ်အားသရွေ့ လုပ်ဆောင်ရမည်ဖြစ်သည်။ မိမိအိမ်ပတ်ဝန်းကျင်ရှိ အမှိုက်များရှင်းလင်းခြင်း၊ မိမိပတ်ဝန်းကျင် မြို့ရွာသန့်ရှင်းသာယာလှပရန်အတွက် ရေစီးရေလာကောင်းစေရန် ရေနုတ်မြောင်းဆယ်ခြင်း၊ အလင်းရောင်လုံလောက်စွာရရှိရန် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများမဖြစ်စေရန် ဆေးဖျန်းခြင်း၊ သောက်သုံးရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ အမှိုက်များကိုစနစ်တကျစွန့်ပစ်ခြင်း စသည်တို့ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ယခုအချိန်အခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံးရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိသည်။ ဤသည်မှာ အများအကျိုးကို ရှေးရှုတတ်သောပရဟိတစိတ်ထားကောင်းရှိသူများ၏လုပ်ရပ်ကောင်းများဖြစ်သည်။ မိမိဒေသရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူတို့ ပူးပေါင်းချိတ်ဆက်အကောင်အထည်ဖော်မှု အားကောင်းလာခြင်းဖြစ်သည်။ ထိုကဲ့သို့ ပူးပေါင်းညီညွတ်စွာ အားတက်သရောဆောင်ရွက်မှုသည် နိုင်ငံတစ်ဝန်းလုံးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံ ပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ အမှိုက်များကင်းစင်ကာ ပြည်သူအပေါင်း မလွဲမသွေ ကျန်းမာကြည်လင်ရောဂါစင်လာပေမည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံသည်လည်း လူဦးရေတိုးတက်များပြားလာခြင်း၊ စီးပွားရေးနှင့် လူနေမှုပုံစံပြောင်းလဲလာခြင်းတို့ကြောင့် စွန့်ပစ်အမှိုက်များစွာထွက်ရှိလျက်ရှိရာ ပြန်လည်ရှင်းလင်းခြင်းများကို စနစ်တကျဆောင်ရွက်ရပေမည်။ နိုင်ငံသူ နိုင်ငံသားများ တစ်ကိုယ်ရေသန့်ရှင်းရေးမှစကာ မိမိမြို့၊ ရွာဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အစိုးရနှင့်ပြည်သူတို့ တွဲလက်ညီညီဆောင်ရွက်ခြင်းသည် မိမိနိုင်ငံ၏ စည်းကမ်းစနစ်တကျရှိမှု၊ လူနေမှုအဆင့်နှင့် ကျန်းမာရေးအသိမြင့်မားမှုကို ပြသနေသည့် နိုင်ငံ့ဂုဏ်သိက္ခာတစ်ခုပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့် အခြားမြို့များသို့ ဘီလပ်မြေသီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ တိုးလာ



**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့် အခြားမြို့များသို့ ဘီလပ်မြေသီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ တိုးလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်အတွင်း ယခုလက်ရှိ ရေနည်းချိန်ကာလသို့ ရောက်ရှိနေပြီး ရေလမ်းကြောင်း တစ်လျှောက် သောင်ထွန်းမှုများ ဖြစ်ပေါ်နေသော်လည်း ရေလမ်းကြောင်း ကောင်းမွန်လျက်ရှိသောကြောင့် သင်္ဘောများ သွားလာရာတွင် အဆင်ပြေလျက်ရှိကြောင်း၊ ယခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာ စသည့်မြို့များသို့ ဘီလပ်မြေ သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေတိုးလာကြောင်း သိရသည်။

“မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှာ ဇန်နဝါရီလ ပထမပတ်ကနေစပြီးတော့ ဘီလပ်မြေရရှိမှုက တော်တော်လေး အားကောင်းလာတယ်။ ဇန်နဝါရီ ၉ ရက်မှာတော့ ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်နဲ့ အခြားမြို့တွေကို ဘီလပ်မြေသီးသန့်တင်ပို့မှု တော်တော်လေး ပြန်များလာပါတယ်”ဟု ဦးဝင်းမောင်က ပြောပြသည်။

ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာ စသည့်မြို့များသို့ ဘီလပ်မြေသီးသန့်တင်ပို့သည့် သင်္ဘောအစီးရေမှာ ဒီဇင်ဘာလ နောက်ဆုံးပတ်က တစ်ရက်လျှင် အစီးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း ဇန်နဝါရီ ၉ ရက်မှစ၍ ကုန်စည်ရရှိမှုများပြားလာခြင်းကြောင့် ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာ စသည့်မြို့များသို့ ဘီလပ်မြေသီးသန့်တင်ပို့သည့် သင်္ဘောမှာ တစ်ရက်လျှင် အစီးရေ ၁၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့် အခြားမြို့များသို့ ဘီလပ်မြေ၊ ကျောက်စရစ် စသည့်ကုန်စည်များ တင်ပို့သည့် ကုန်တင်သင်္ဘော စုစုပေါင်း အစီးရေ ၃၀၀ ကျော်ထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေး ဈေးကွက်အတွင်း မြင်းမူဘက်မှ ထွက်ရှိသည့်ဂျုံများ အရောင်းအဝယ်ကောင်းမွန်လာပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး ကုန်သည်များက ဝယ်ယူမှုများပြားလာသဖြင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

“မန္တလေး ဈေးကွက်ထဲမှာ ငါန်းဇွန်၊ မြို့သာ၊ မုံရွာဘက်က ဝင်လာတဲ့ဂျုံတွေလဲ ရှိပါတယ်။ ဒါပေမဲ့ မြင်းမူဘက်ကဂျုံတွေက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်လာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇန်နဝါရီလ ပထမပတ်အတွင်းက မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ အရောင်းအဝယ်အေးခဲ့ပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ သာရှိခဲ့ကြောင်း၊ ယခုလက်ရှိ မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ အဝယ်လိုက်လာခြင်းကြောင့် ယနေ့တွင် ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

“မန္တလေးဈေးကွက်ထဲမှာ ဂျုံအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ အခုလတ်တလော တော်တော်လေးပြန်ပြီးများလာတယ်။ ပြည်ပဈေးကွက်ကိုတော့ ဂျုံတင်ပို့မှုက အနည်းငယ်လောက်ပဲရှိတယ်။ ဂျုံအသစ်တွေ ဈေးကွက်ထဲ ပြန်ဝင်လာပြီဖြစ်လို့ နောက်ပိုင်း ဂျုံဈေးကတော့ ဈေးကောင်းထပ်ပြီးရဖို့ ရှိနေပါတယ်”ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ပုသိမ်ကြီးမြို့နယ်တွင် ဂန္ဓမာပန်းများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဆောင်းရာသီထွက် ဂန္ဓမာပန်းများ ဈေးကွက်အတွင်း လှိုက်ကြိုက်များနေပြီး အရောင်းအဝယ်ကောင်းနေကြောင်း ပုသိမ်ကြီးမြို့နယ်မှ ပန်းစိုက်ပျိုးရောင်းချသူ ဦးမြင့်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပုသိမ်ကြီးမြို့နယ်အတွင်း စိုက်ပျိုးထားသည့် ဂန္ဓမာပန်းများ ထွက်ပေါ်နေပြီဖြစ်၍ ဈေးကွက်အတွင်းသို့ ရောင်းချနေပြီဖြစ်ကြောင်း၊ ထိုသို့ ရောင်းချရာတွင် လှိုက်ကြိုက်များပြီး အရောင်းအဝယ်ကောင်းနေသည့်အတွက် သုံးပင်စည်းတစ်စည်းလျှင် ငွေကျပ် ၁၂၀၀ ဈေးဖြင့် ရောင်းချနေရကြောင်း သိရသည်။

“ဂန္ဓမာပန်းတွေကတော့ အရောင်းအဝယ်သွက်ပြီး ဈေးကောင်းနေပါတယ်။ အဝါပွင့်လေးတွေက လှိုက်ကြိုက်များပြီး ဈေးကွက်အတွင်းမှာ ပိုပြီးအရောင်းအဝယ်ကောင်းနေပါတယ်။ အများဆုံး ရောင်းချနေရပါတယ်။ မန္တလေးဈေးကွက်အပြင် အခြားမြို့တွေကိုလဲ ဖြန့်ဖြူးရောင်းချပေးနေတာပါ။ ပန်းပွဲစားတွေကလဲ ခြံထိအရောက်လာပြီးတော့ ဝယ်ယူကြတာတွေရှိပါတယ်။ ပန်းစိုက်တာကတော့ ပုသိမ်ကြီးအပြင် မြင်ဦးလွှင်၊ တောင်ကြီး၊ နေပြည်တော်တို့မှာလဲ စိုက်ကြပါတယ်”ဟု ဦးမြင့်ဆွေက ပြောပြသည်။

လက်ရှိအချိန်တွင် ပုသိမ်ကြီးမြို့နယ်ထွက် ဂန္ဓမာပန်းများသည် ဈေးကွက်အတွင်း လှိုက်ကြိုက်များ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ ယခုနှစ်တွင် ဂန္ဓမာပန်းဈေးကောင်းရ၍ ပန်းစိုက်တောင်သူများ အဆင်ပြေနေကြကြောင်း၊ အဆိုပါပန်းများကို မန္တလေးဈေးကွက်၊ လားရှိုးဈေးကွက်၊ ရန်ကုန်ဈေးကွက်နှင့် မြိတ်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သိန်းနီမြို့နယ် သိန်းနီ-ဟိုနား-မန်စောက်-ခမ်းတိမ်း-နောင်ကား-ကောင်းလန်း-နောင်ဟိုင်-ကုန်းမုန်-တာမုန်လမ်း သံကူကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**သိန်းနီ ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၃၄ သန်းဖြင့် သိန်းနီ-ဟိုနား-မန်စောက်-ခမ်းတိမ်း-နောင်ကား-ကောင်းလန်း-နောင်ဟိုင်-ကုန်းမုန်-တာမုန်လမ်းတွင် သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သိန်းနီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် သိန်းနီ-ဟိုနား-မန်စောက်-ခမ်းတိမ်း-နောင်ကား-ကောင်းလန်း-နောင်ဟိုင်-ကုန်းမုန်-တာမုန်လမ်းတွင် သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ)က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသံကူကွန်ကရစ်တံတားသည် အရှည်ပေ ၂၀၊ အကျယ် ၂၄ ပေရှိပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကြောင့် ကျေးလက်ဒေသထွက်ကုန်ပစ္စည်းများကို အဆင်ပြေချောမွေ့စွာဖြင့် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ကွန်ကရစ်တံတားပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းလမ်း၊ တံတားလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမှုကြောင့် ပညာရေး၊ ကျန်းမာရေးကိစ္စများကို မြို့ပြနှင့် အဆင်ပြေချောမွေ့စွာ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးသိန်းအောင်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပင်းတယမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**ပင်းတယ ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားကုန်းခေတ်မီစံပြကျေးရွာနှင့် စကြာကုန်းကျေးရွာတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသိဟန်လင်း၊ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် တာဝန်ရှိသူများက ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်း ပေ ၁၈၀၀ သွယ်တန်းခြင်း၊ နှစ်လက်မ ရေတင်ပိုက်သွယ်တန်းခြင်း၊ နှစ်လက်မ ရေဖြန့်ဝေပိုက်လိုင်းအရှည်ပေ ၄၀၀၀ သွယ်တန်းပြီးစီးမှုနှင့် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ကျေးရွာစွန့်ပစ်အမှိုက်ကန်တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ စကြာကုန်းကျေးရွာတွင် အနက်ပေ ၅၅၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ပြီးစီးမှုနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်၊ ရေစက်ရုံတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ငရုတ်ပွသီးများ ဈေးကောင်းရရှိနေ



**ကျောင်းကုန်း ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိသည့် ငရုတ်ပွသီး တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ကျောင်းကုန်းမြို့ရှိ ငရုတ်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးထွန်းလတ်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခင်နှစ် ငရုတ်ပွသီးပေါ်သည့်ကာလက ငရုတ်ပွသီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၅၅၀၀ ထိသာ ဈေးရရှိခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ငရုတ်ပွသီးပေါ်သည့်ကာလတွင် တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်ပွသီး ဈေးကောင်းရရှိနေခြင်းသည် ဒေသတွင်း ငရုတ်ပွသီးစိုက်သူနည်းခဲ့ခြင်းကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ပြီး ငရုတ်ဈေးကောင်းနေသည့်အတွက် ငရုတ်စိုက်တောင်သူများ အဆင်ပြေနေကြောင်း သိရသည်။

“လက်ရှိ ငရုတ်သီးဈေးကတွင် ငရုတ်ပွသီးအပြင် အခြားငရုတ်သီးတွေလဲ ဈေးကောင်းရနေပါတယ်။ လက်ရှိကာလဟာ ကျောင်းကုန်းမှာ ငရုတ်ပွသီးတွေ ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုနှစ် ငရုတ်ပွသီးဈေးက တော်တော်လေးဈေးကောင်းနေတာပါ။ ဒေသထွက် ငရုတ်တွေအထွက်နည်းလို့ ဈေးကောင်းရနေတာဖြစ်ပါတယ်။ ဒီဘက်ကနေထွက်တဲ့ ငရုတ်ပွသီးတွေကို ပုသိမ်ဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုလဲ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ကနေတစ်ဆင့် အခြားဒေသတွေကို ဖြန့်ဖြူးရောင်းချနေတာပါ။ အခုနှစ် ငရုတ်ပွသီး ဈေးကောင်းရတော့ စိုက်တဲ့သူတွေလဲ အဆင်ပြေတာတွေ့ရပါတယ်။ ငရုတ်ပွသီးဈေးကောင်းပြီး ရောင်းအားလဲ တက်နေပါတယ်”ဟု ကျောင်းကုန်းမြို့ရှိ ငရုတ်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးထွန်းလတ်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှထွက်ရှိသည့် ငရုတ်ပွသီးများကိုစနစ်တကျ ရွေးချယ်သန့်စင်ထုပ်ပိုးပြီး ရန်ကုန်နှင့် ပုသိမ်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ အဆိုပါဒေသရှိ တောင်သူများသည် စပါးစိုက်ပျိုးခြင်းလုပ်ငန်းအပြင် ငရုတ်စိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ၂၀၁၂ ခုနှစ် ငရုတ်စိုက်ပျိုးရာသီ၌ စုစုပေါင်းတောင်သူ ၁၁၁ ဦးက ငရုတ်ပွသီး ၇၆၅ ဧကထိ စိုက်ပျိုးခဲ့ကြောင်း ကျောင်းကုန်းမြို့ရှိ ငရုတ်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးထွန်းလတ်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်၊ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆွေဇင်လှိုင်က တစ်လလျှင် အတိုးနှုန်းသုည ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးပြီး အရင်းဆပ်ကာလမှာ ၁၂ လဖြစ်ကြောင်း၊ တိုးပွားလာသောအတိုးငွေများ၏ ၅၀ ရာခိုင်နှုန်းကို မိမိတို့ရပ်ရွာတွင် လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နဝမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၂၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းမိုး**

# ခန္တီးမြို့နယ်တွင် ၂၀၁၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၁၂၆၀ စိုက်ပျိုးပြီးစီး

**ခန္တီး ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ၂၀၁၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၁၂၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ၂၀၁၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၅၃ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက်ဧက ၁၂၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“၂၀၁၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၀၅၃ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၆၀ စိုက်ပျိုးပြီးသွားပြီ။ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို နည်းပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်”ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် သွင်းအားစုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၁၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဟင်းသီးဟင်းရွက်ဧက တစ်သိန်းကျော် စိုက်ပျိုးရန်လျာထားပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ၁၀၆၄၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)



# မြန်မာ့မီးရထားသမိုင်းအစ ရန်ကုန်ဘူတာကြီး

မောင်သာ(ရှေးဟောင်းသုတေသန)

ရန်ကုန်မြို့လယ် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တည်ရှိသည့် ရန်ကုန်ဘူတာကြီးသည် မြန်မာနိုင်ငံတစ်ဝန်း ၃၁၂၆ မိုင် ဖြန့်ကြက်ထားသည့် မီးရထားကွန်ရက်၏ ဗဟိုမဏ္ဍိုင်နေရာဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိကအဝေးပြေးရထားလမ်းမကြီးသုံးခုဖြစ်သည့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် မီးရထားလမ်းတို့သည် ရန်ကုန်ဘူတာကြီးမှ စတင်ကာ မြန်မာနိုင်ငံအထက်နှင့် အောက်သို့ ဖြာထွက်သွားသည်။

ရန်ကုန်-မန္တလေးလမ်းမှ မြစ်ကြီးနားနှင့်လားရှိုးထိ၊ ရန်ကုန်-မော်လမြိုင်လမ်းမှ ထားဝယ်ထိနှင့် ရန်ကုန်-ပြည်လမ်းမှ ပုဂံထိ မီးရထားဖြင့် တစ်ဆက်တည်းသွားရောက်နိုင်သည်။

**မီးရထားအစ**

သံလမ်းပေါ်တွင်မောင်းနှင်သော စက်ခေါင်းတစ်ခုက တွဲများကိုဆွဲယူကာ လူနှင့်ပစ္စည်းများကို သယ်ယူပို့ဆောင်သည့် မီးရထားပို့ဆောင်ရေးစနစ်သည် အင်္ဂလန်နိုင်ငံရှိ ကျောက်မီးသွေးတွင်းများမှ အစပြုခဲ့သည်။ မီးရထားစက်ခေါင်းကို မတီထွင်မီက ကျောက်မီးသွေးတွင်းမှ ကျောက်မီးသွေးများကို လှည်းများဖြင့်တင်ဆောင်ကာ ပျဉ်ပြားအထူများခင်းထားသည့်လမ်းများအတိုင်း မြင်းများဖြင့် ဆွဲယူခဲ့ကြရသည်။ သစ်သားပြားများကို ရွှံ့ဗွက်များအပေါ်သို့မြှင့်ထားပြီး မြင်းရထားဘီးများချော်မသွားစေရန် ပျဉ်ပြားများ၏ အပြင်နှုတ်ခမ်းတွင် အနားများတပ်ဆင်ထားသည်။ ၎င်းတို့သည် မီးရထားလမ်းများ၏ ရှေ့ပြေးဖြစ်ပြီး ၁၈၀၄ ခုနှစ်တွင် ရစ်ချတ်ထရီဗီသစ်က ပထမဆုံးရထားစက်ခေါင်းကိုတီထွင်ခဲ့သော်လည်း လက်တွေ့တွင် အသုံးမပြုနိုင်ခဲ့သဖြင့် ဆက်လက်တီထွင်သူများက မီးရထားစက်ခေါင်းကို ကောင်းသည်ထက်ကောင်းရန် ကြိုးပမ်းခဲ့ကြသည်။

၁၈၂၅ ခုနှစ်တွင် ဂျော့စတီဖင်ဆန်(၁၇၈၁-၁၈၄၈) တီထွင်သည့် ရေနွေးငွေ့သုံးစက်ခေါင်းသည် ရထားလမ်းပေါ်တွင် ကောင်းစွာမောင်းနှင်နိုင်ခဲ့သည်။ စတော့တန်နှင့် ဒါလင်တန်သွားသည့် ရထားလမ်းဖွင့်ပွဲ၌ ကမ္ဘာပေါ်တွင်ပထမဆုံးသော လူစီးနှင့်ကုန်တင်မီးရထားကို ဂျော့စတီဖင်ဆန် တီထွင်ထားသည့် ရေနွေးငွေ့စွမ်းအင်သုံး စက်ခေါင်းဖြင့်မောင်းနှင်ခဲ့သည်။ ၎င်းစက်ခေါင်းကို စက်ခေါင်းအမှတ်(၁)ဟု အမည်ပေးခဲ့ရာ အလွန်ကောင်းမွန်ပြီး အဓိပ္ပာယ်ရှိသော အမည်ဖြစ်ခဲ့သည်။

မီးရထားပေါ်ပေါက်လာသည်နှင့် မီးရထားသယ်ယူပို့ဆောင်ရေးနှင့်ဆက်စပ်နေသည့် ဘူတာရုံများသည် မီးရထားလမ်းတစ်လျှောက်၌ပေါ်ထွန်းလာခဲ့သည်။

**ပထမဆုံးမြန်မာ့မီးရထားလမ်း**

ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်တို့သည် အောက်မြန်မာပြည်ကို သိမ်းပိုက်ခဲ့သည်။ ဗြိတိသျှတို့သည် ကုန်သွယ်မှုဖွံ့ဖြိုးလာသည့် အောက်မြန်မာပြည်တွင် မီးရထားလမ်းတစ်ခုဖောက်လုပ်ရန်စီစဉ်ခဲ့ပြီး ထိုအချိန်က အောက်မြန်မာပြည်၏ ဝန်ရှင်မင်းကြီး ဆာအက်ရှလီအီဒင်သည် မီးရထားလမ်းဖောက်လုပ်နိုင်ရေးကို အထူးကြိုးပမ်းခဲ့သည်။ ရန်ကုန်မြို့မှ အနောက်မြောက်ယွန်းယွန်း ၁၇၄ မိုင်ကွာဝေးသည့် ပြည်မြို့သို့ ၁၆၁ မိုင်ရှည်လျားသည့် မီးရထားလမ်းဖောက်လုပ်ရန် ၁၈၆၉ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့သည်။

မီးရထားလမ်းဖောက်လုပ်ရန် တိုင်းထွာတွက်ချက်မှုများပြုခဲ့ပြီး သံလမ်းအကျယ် ၃၉ ဒသမ ၃၇ လက်မ၊ သံလမ်းနှစ်ခုကြား အကွာအဝေး ၃ ပေ ၃ ဒသမ ၃၇၅ လက်မထားရှိရန် ဆုံးဖြတ်ခဲ့ပြီး သံလမ်းများကို ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှ မြန်မာနိုင်ငံသို့သယ်ယူခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးမီးရထားလမ်းဖြစ်သည့် ရန်ကုန်-ပြည်ရထားလမ်းကို ၁၈၇၆ ခုနှစ်တွင် ဖောက်လုပ်ခဲ့ပြီး ရထားလမ်းတစ်မိုင်အတွက် ငွေကျပ် ၇၃၀၀၀ ကုန်ကျခဲ့သည်။ ၎င်းရထားလမ်းကို ရန်ကုန်-ဧရာဝတီမြစ်ဝှမ်းမီးရထားလမ်း(Rangoon Irrawaddy Valley State Railway) ဟု ခေါ်ဆိုခဲ့သည်။

၁၈၇၇ ခုနှစ် မေ ၁ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးမီးရထားသည် ရန်ကုန်ဘူတာမှ ပြည်မြို့သို့ ထွက်ခွာခဲ့သည်။ သို့သော် ထိုမီးရထားသည် ပြည်မြို့ထိမသွားဘဲ ရန်ကုန်ဘူတာမှ ကိုးမိုင်ကွာဝေးသည့် အင်းစိန်ဘူတာထိသာ ခုတ်မောင်းခဲ့သည်။ လမ်းတွင် ကြည့်မြင်တိုင်ဘူတာနှင့် သမိုင်းဘူတာတို့တွင် ရပ်နားပြီး အင်းစိန်ဘူတာမှ ရန်ကုန်သို့ ပြန်လည်မောင်းနှင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးပြေးဆွဲခဲ့သည့် ရထားစက်ခေါင်းသည် ပေါင်ချိန် ၃၈၅၇ ဆွဲအားရှိသည့် ၁၈ တန် အင်ဂျင်ဖြစ်ပြီး ရိုးရိုးတွဲ ၁၂ တွဲနှင့် သီးသန့်တွဲ တစ်တွဲပါရှိခဲ့သည်။ ရန်ကုန်ဘူတာမှ နံနက် ၆ နာရီ ရထားစတင်ထွက်ခွာခဲ့ရာ ပေထုပ်များ ပစ်ဖောက်၍ ဂုဏ်ပြုခဲ့ကြသည်။

ထိုစဉ်က ရန်ကုန်နှင့်ပြည်ကြားတွင် ဘူတာရုံ ၁၈ ခုဆောက်လုပ်ခဲ့ရာ ရန်ကုန်နှင့် ပြည်ဘူတာသည် အဓိကဘူတာများဖြစ်ခဲ့သည်။ အင်္ဂလန်နိုင်ငံရှိ မီးရထားဘူတာများပုံစံကိုယူ၍ တည်ဆောက်ထားသည့် ကြည့်မြင်တိုင်ဘူတာနှင့် အင်းစိန်ဘူတာသည် ယနေ့တိုင် မူလလက်ရာအတိုင်းရှိနေသဖြင့် ရန်ကုန်မြို့ပတ်ရထားများတွင် လိုက်ပါစီးနင်းကြသည့် ပြည်ပခရီးသွားတချို့သည် ကြည့်မြင်တိုင်ဘူတာနှင့် အင်းစိန်ဘူတာသို့ရောက်ရှိလျှင် ဓာတ်ပုံများ ရိုက်ကူးလေ့ရှိကြသည်။

ရန်ကုန်-ပြည် မီးရထားလမ်း ဖွင့်ပွဲအခမ်းအနားသို့ အောက်မြန်မာပြည် ဝန်ရှင်တော်မင်းကြီး ဆာအေရေဗားသွန်မဆင် တက်ရောက်ခဲ့ပြီး ရထားပေါ်တွင် လိုက်ပါစီးနင်းခဲ့သည်။ ညွှန့်သည်တော်များနှင့် အရာရှိ အရာခံ လူကြီးလူကောင်းများလည်း လိုက်ပါခဲ့ကြပြီး ရန်ကုန်မြို့သူ၊ မြို့သားများသည် မီးရထားကိုပထမဆုံးအကြိမ်မြင်တွေ့ကြရသဖြင့် အံ့သြခဲ့ကြရသည်ဟုဆိုသည်။

မြန်မာ့မီးရထား၏ အစောပိုင်းကာလများတွင် တစ်လမ်းသွားရထားလမ်း ၈၈၆ မိုင်နှင့် နှစ်လမ်းသွားရထားလမ်း ၁၃၉ မိုင်ဖောက်လုပ်ခဲ့သည်။ နှစ်လမ်းသွားရထားလမ်းဖောက်လုပ်ထားသည့် နေရာများတွင် ရထားများသည် တစ်ချိန်တည်း အစုန်၊ အဆန် မောင်းနှင်နိုင်သဖြင့် ပိုမိုခရီးတွင်ခဲ့သည်။ ဆယ်စုနှစ်တစ်ခုအတွင်း ရထားလမ်းကွန်ရက်ကို နှစ်ဆတိုးခဲ့ကာ တစ်လမ်းသွားရထားလမ်း ၁၅၂၉ မိုင်နှင့် အစုန်၊ အဆန်ခွဲလမ်း ၃၂၉ မိုင်ထိ ဖောက်လုပ်ခဲ့သည်။

**ရန်ကုန်ဘူတာကြီး**

၁၈၇၆ ခုနှစ်တွင် တည်ဆောက်ခဲ့သော ရန်ကုန်ဘူတာကြီးကိုဖျက်သိမ်းပြီး အသစ်ပြန်လည်တည်ဆောက်ရန် ၁၈၁၀ ပြည့်နှစ်တွင် စီစဉ်ခဲ့ကာ အိန္ဒိယနိုင်ငံ ဘုံဘေမြို့ရှိ အစိုးရဗိသုကာ အကြံပေးဟောင်း မစ္စတာဗီလ်ကော့ကို တည်ဆောက်မည့်ပုံစံရေးဆွဲရန် တာဝန်ပေးခဲ့သည်။ မစ္စတာဗီလ်ကော့က ရန်ကုန်ဘူတာကြီးစီမံကိန်း ဧရိယာစတုရန်းပေ ၁၀၀၀၀၀ အနက် ဘူတာကြီးပင်မအဆောက်အအုံအတွက် စတုရန်းပေ ၆၀၄၀၀၊ ကျန်အဆောက်အအုံများနှင့် ရထားလမ်းများအတွက် ၅၈၄၀၀ စတုရန်းပေ ကျယ်ဝန်းသည့် ပုံစံကိုရေးဆွဲပေးခဲ့သည်။ ရန်ကုန်ဘူတာကြီးဆောက်လုပ်ရာတွင် ပေ ၁၀၀၀ ရှည်၍ ငါးပေကျယ်သည့် စင်္ကြံများနှင့် ပေ ၂၅၀ စီရှည်သော ကုန်လှောင်ရုံများကိုထည့်သွင်းထားပြီး ထိုခေတ် ရန်ကုန်ဘူတာကြီး၏ပုံစံသည် ကိုလိုနီခေတ်လက်ရာ ဝိတိုရိယအဆောက်အအုံဒီဇိုင်းဖြစ်ခဲ့သည်။



ယခုလက်ရှိ ရန်ကုန်ဘူတာကြီးကို တွေ့ရစဉ်။

ဘူတာကြီး၏ မျက်နှာစာတွင် မော်တော်ကား၊ မြင်းလှည်း၊ လန်ချားနှင့် လက်တွန်းလှည်းများ ရပ်နားရန်နေရာနှင့် ကုန်ပစ္စည်းများ သယ်ယူရန်နေရာများ ပြုလုပ်ခဲ့သည်။ ထိုစဉ်က မီးရထားများသည် ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းဟု သတ်မှတ်ထားရာ အတန်းလိုက်စီးနင်းလိုက်ပါကြမည့် ခရီးသွားများအတွက် နေရာများပြုလုပ်ပေးထားသည်။ တတိယတန်းတွင် စီးနင်းမည့် ခရီးသွားများစောင့်ဆိုင်းသည့်နေရာသည် အရှည် ပေ ၇၀၀၊ အကျယ်ပေ ၄၀ ရှိသည်။ ပထမတန်းနှင့် ဒုတိယတန်းတွင်စီးနင်းမည့် ခရီးသွားများစောင့်ဆိုင်းရမည့်နေရာသည် အရှည် ပေ ၁၅၀၊ အကျယ် ပေ ၄၀ ကျယ်ဝန်းပြီး ပထမတန်းနှင့် ဒုတိယတန်း ကြိုတင်လက်မှတ်အရောင်းဌာနကိုပါ ပူးတွဲဖွင့်လှစ်ခဲ့သည်။ တတိယတန်းကြိုတင်လက်မှတ်ရုံကို ဘူတာကြီးပင်မအဆောက်အအုံတွင်ထားရှိပြီး အတန်းစုံ လက်မှတ်အရောင်းဌာနသည် မောင်ဂိုမာရီလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း) ခုံးတံတားအဝင်အဝတွင် ရှိခဲ့သည်။ ဘူတာကြီးခုံးတံတားတွင် လမ်းသုံးလမ်းပါဝင်ခဲ့ကာ ၁၁ ပေကျယ်ဝန်းသည့် အလယ်လမ်းသည် ဘူတာရုံမှထွက်ရန်ဖြစ်ပြီး ခုနစ် ပေကျယ်သော ဘေး ဝဲ၊ ယာ လမ်းနှစ်ခုသည် ဘူတာစင်္ကြံအသီးသီးသို့ သွားရန်ဖြစ်သည်။

ထိုစဉ်က မီးရထားဘူတာရုံများကို အေ၊ ဘီ၊ စီ အဆင့်များခွဲထားရာ မြို့ကြီးများနှင့် လမ်းဆုံလမ်းခွရှိ ဘူတာများကို အေအဆင့်သတ်မှတ်သည်။ မြို့ငယ်များရှိ ဘူတာများကိုမူ ဘီအဆင့်သတ်မှတ်၍ မြို့ကြီးများကြား ရထားလမ်းတစ်လျှောက် ကျေးရွာများရှိ ဘူတာများကို စီအဆင့်သတ်မှတ်သည်။ အေအဆင့် မီးရထားဘူတာများတွင် အင်္ဂလိပ်နှင့် အင်္ဂလိပ်ကပြားများကို ရုံပိုင်များအဖြစ်ခန့်ထားပြီး အိန္ဒိယလူမျိုးများကို ဘီအဆင့် ရုံပိုင်နေရာများ၊ မြန်မာလူမျိုးများကို စီအဆင့်ဘူတာများတွင် ရုံပိုင်များအဖြစ် ခန့်ထားခဲ့သည်။ တိုင်းတစ်ပါး၏ အုပ်ချုပ်မှုအောက်တွင် နေခဲ့ရချိန်ဝယ် တိုင်းရင်းသားမြန်မာတို့အနိမ့်ခံရခြင်း၏ သရုပ်တစ်ခုဟု ဆိုနိုင်သည်။

ရန်ကုန်ဘူတာကြီးကို ၁၉၁၁ ခုနှစ် ဧပြီ ၄ ရက်တွင် အခမ်းအနားဖြင့်ဖွင့်လှစ်ခဲ့ရာ လူ ၁၀၀၀ ကျော် တက်ရောက်ခဲ့ပြီး ဒုတိယဘုရင်ခံချုပ် ဆာဟင်နရီ အဒမ်ဆင်က ဖွင့်လှစ်ပေးခဲ့သည်။ ဘူတာရုံ တည်ဆောက်စရိတ်သည် ငွေကျပ် ၃၂၄၂၀၀၀ ဖြစ်ပြီး တတိယတန်းခရီးသွားများ စောင့်ဆိုင်းရသည့် အဆောက်အအုံကို ငွေကျပ် ငါးသိန်း အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း မီးရထားကုမ္ပဏီ၏ ခေတ္တကိုယ်စားလှယ် မစ္စတာကိုချမင်းက တင်ပြခဲ့သည်။

ဘူတာကြီး၏ တောင်ဘက်တွင် ဘူတာကြီးကို ပုံစံရေးဆွဲခဲ့သူ ဗိသုကာပညာရှင် မစ္စတာဗီလ်ကော့ကို ဂုဏ်ပြုသောအားဖြင့် နာရီစင်တစ်ခုတည်ဆောက်ခဲ့ပြီး ဘူတာကြီးဝင်း၏ အနောက်ဘက်တွင် မီးရထားဟိုတယ်တစ်ခုကို ဖွင့်လှစ်ခဲ့သည်။ မီးရထားဟိုတယ်ကို ရထားစီးခရီးသွားများ နားခိုနိုင်ရန် တစ်ယောက်ခန်း ၁၀ ခန်းနှင့် နှစ်ယောက်ခန်းငါးခန်းဖွဲ့စည်းထားသည်။

တစ်ဆက်တည်းမှာပင် မီးရထားလုပ်ငန်းများ စီမံခန့်ခွဲနိုင်ရန် မီးရထားရုံးချုပ်အဆောက်အအုံကို ယခုဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်တွင် ၁၈၇၇ ခုနှစ်က တည်ဆောက်ခဲ့ကြောင်း ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံ ၃၀စာအုပ်တွင်ဖော်ပြထားသည်။ မီးရထားရုံးချုပ်အဆောက်အအုံ ဒီဇိုင်းဆွဲခဲ့သူ ဗိသုကာအမည်ကိုကား မှတ်တမ်းမတွေ့ရှိသေးချေ။

ရန်ကုန်ဘူတာကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်များကြောင့် များစွာပျက်စီးခဲ့သည်။ ရန်ကုန်ဘူတာကြီးအပြင် တစ်ပြည်လုံးအတိုင်းအတာအရ စက်ခေါင်း ၃၂၀ မှ ၃၅၄ ခေါင်း၊ ရထားတွဲပေါင်း ၇၀၀၀ ကျော်သည် စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးခဲ့၍ မီးရထားသံလမ်းတံတား ၅၀၀ ကျော်နှင့် မီးရထားရုံးချုပ်ကြီးသည်လည်း ဗုံးဒဏ်သင့်ခဲ့သည်။

၁၉၄၃ ခုနှစ်တွင် အင်္ဂလိပ်များ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ချိန်၌ ရန်ကုန်ဘူတာကြီးကို အသစ်ပြန်လည်တည်ဆောက်ခဲ့သည်။ ၎င်းအဆောက်အအုံသည် ယနေ့မြင်တွေ့နေရသည့် ရန်ကုန်ဘူတာကြီးဖြစ်ပြီး မြန်မာအင်ဂျင်နီယာ ဦးလှသွင်က ဒီဇိုင်းဆွဲပုံစံထုတ်ခဲ့သည်။ ဦးလှသွင်၏ ဒီဇိုင်းကို မီးရထားအုပ်ချုပ်ရေးအဖွဲ့က ၁၉၄၆ ခုနှစ်ကအတည်ပြုခဲ့ပြီး မေ ၂ ရက်တွင် ပန္နက်ရိုက်ခဲ့သည်။ ဘူတာကြီးတည်ဆောက်ရေးလုပ်ငန်းကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပြီး ထုထည်ကြီးမား၍ စုလစ်မွမ်းချွန်တို့ဖြင့် လှပတင့်တယ်သည့် ရန်ကုန်ဘူတာကြီးကို မြန်မာအင်ဂျင်နီယာ ဦးတင်က တာဝန်ယူဆောက်လုပ်ခဲ့သည်။ ရန်ကုန်ဘူတာကြီး ဆောက်လုပ်ရေးလုပ်ငန်းတွင် အေစီမာတင်ကုမ္ပဏီ၊ ကလပ်အင်ဂရိတ်ကုမ္ပဏီ၊ ဦးလင်းကုမ္ပဏီ၊ ဦးမြသန်းနှင့် မစ္စတာချောင်ဒရီတို့ကို လုပ်ငန်းကန်ထရိုက်များ ခွဲဝေပေးခဲ့သည်။

ရန်ကုန်ဘူတာကြီး၏ ဒီဇိုင်းပုံစံသည် မြန်မာမှုဗိသုကာလက်ရာများဖြင့် ခံ့ညားထည်ဝါကာ အကျယ်အဝန်းစတုရန်းမီတာ ၅၀၀၀ ရှိသည်။ ရန်ကုန်ဘူတာကြီးတည်ဆောက်စရိတ်ငွေ ၄၇၄၆၁၈၇ ကျပ်ကုန်ကျခဲ့ပြီး ၁၉၅၄ ခုနှစ် ဇွန် ၅ ရက်တွင် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ဖွင့်လှစ်ပေးခဲ့ပြီး သယ်န်းကျွန်းဘူတာထိ အထူးရထားမောင်းနှင်ခဲ့သည်။

ထိုစဉ်က ရန်ကုန်ဘူတာကြီးအပါအဝင် မီးရထားဘူတာရုံများ၏ သန့်ရှင်းသပ်ရပ်မှု၊ ရထားဝင်ချိန်၊ ထွက်ချိန်တိကျမှု၊ ရထားစောင့်ပြည်သူများအတွက်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၁၁၈၈၁၅ ဧက ရိတ်သိမ်းပြီးစီး

**ကောလင်း ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၁၁၈၈၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးများကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ စက်တင်ဘာလထိ ၁၉၄၀၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ကောလင်းခရိုင်အတွင်း စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ရိတ်သိမ်းခဲ့ရာ ယခုလက်ရှိတွင် ၁၁၈၈၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှ ၈၃ ဒသမ ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

"၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ မိုးစပါး ၁၉၉၈၂၃ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ စိုက်နိုင်တာက ၁၉၄၀၅၅ ဧကပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ စိုက်ပျိုးထားတဲ့ မိုးစပါးဧက တစ်သိန်းကျော် ရိတ်သိမ်းပြီးပါပြီ။ ကျန်တဲ့ဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးဖို့ အထွက်နှုန်းကောင်းတဲ့မျိုးတွေ စိုက်ပျိုးဖို့၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စေဖို့အတွက် နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကောလင်းခရိုင်တွင် စိုက်ပျိုးထားသော မိုးစပါးဧကရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဧက ၆၉၂၈၀၊ ဝန်းသိုမြို့နယ်တွင် ၁၂၂၈၅ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ဧက ၃၇၂၅၀ ဖြစ်ကြောင်း သိရသည်။

(၂၀၆)



➤ စာမျက်နှာ ၄ မှအဆက်

တန်းလျားများအပါအဝင် နေရာထိုင်ခင်းစီစဉ်ပေးမှု၊ ရထားများစီးရာတွင် သက်သောင့်သက်သာရှိမှုများကြောင့် မြန်မာနိုင်ငံ၏ မီးရထားလုပ်ငန်းသည် များစွာအောင်မြင်ခဲ့ပြီး ပြည်သူများအားထားကြသည့် ပို့ဆောင်ရေးလုပ်ငန်းအဖြစ် ထင်ရှားခဲ့သည်။

**ရန်ကုန်မြို့ပတ်မီးရထား**

ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးဒေသများရှိ ပြည်သူများသွားလာရာတွင် လွယ်ကူစေရန် ရန်ကုန်မြို့ပတ်ရထားလမ်းကို အိမ်စောင့်အစိုးရလက်ထက် ၁၉၅၉ ခုနှစ်တွင် ဖောက်လုပ်ခဲ့သည်။ ယခုအခါတွင် မြို့ပတ်ရထားများသည် ရန်ကုန်ဘူတာကြီးကို အခြေပြုလျက် ရထားအစင်းရေ ၂၀၀၊ အဆိုင်း ၃၀ ဖြင့် လက်ဝဲရစ်၊ လက်ယာရစ် အသွားအပြန် နေ့စဉ် ပြေးဆွဲလျက်ရှိရာ မြို့ပတ်ရထားလမ်းတစ်လျှောက် ၃၈ ဘူတာရှိသည်။ မြို့ပတ်ရထားလမ်းပေါ်တွင်မရှိသည့် လှော်ကား၊ သန်လျင်နှင့် ရွာသာကြီးတို့သို့လည်း ရန်ကုန်ဘူတာကြီးမှ ရထားများပြေးဆွဲပေးလျက်ရှိသည်။

လွန်ခဲ့သောနှစ် ၁၄၀ ကျော်မှစတင်၍ မီးရထားများပြေးဆွဲခဲ့သည့် ရန်ကုန်ဘူတာကြီးကို ယခင်က မီးရထားရုံတော်ဟုလည်းကောင်း၊ ဖယ်ရာလမ်း(ယခုပန်းဆိုးတန်းလမ်း)ထိပ်တွင်ရှိသဖြင့် ဖယ်ရာစခန်းဟုလည်းကောင်းခေါ်ဆိုခဲ့သည်။ ဘူတာအနီးတွင် ကွမ်းခြံများရှိခဲ့သဖြင့် ကွမ်းခြံဘူတာဟုလည်း ခေါ်ဝေါ်သည်။ မူလက ရန်ကုန်ဘူတာကြီးအဆောက်အအုံသည် မီးရထားသံလမ်းများ၏ မြောက်ဘက်ခြမ်း (ယခုရှိနေသည့်နေရာ)တွင် မတည်ရှိခဲ့ဘဲ သံလမ်းများ၏ တောင်ဘက်ခြမ်း (ယခုဗိုလ်ချုပ်အောင်ဆန်းလမ်းဘက်)တွင် သွပ်မိုးသစ်သားအဆောက်အအုံတစ်ခုအဖြစ်တည်ရှိခဲ့သည်။

ရန်ကုန်ဘူတာကြီးသည် မြန်မာနိုင်ငံရှိ မီးရထားဘူတာရုံများအနက် အကြီးဆုံးဖြစ်ပြီး မြန်မာနိုင်ငံတစ်လွှား ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မီးရထားကွန်ရက် အခြေတည်သည့်နေရာဖြစ်သည်။ မြန်မာနိုင်ငံဒေသအသီးသီးသို့ မီးရထားဖြင့် သွားရောက်နိုင်သည့် ပင်မဘူတာရုံကြီးလည်းဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်ဘူတာကြီးကို ရှေးဟောင်းအမွေအနှစ် အဆောက်အအုံတစ်ခုအဖြစ် ၂၀၀၁ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှစ၍ ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့သမိုင်းနှင့်ဆက်စပ်လျက် လွန်ခဲ့သောနှစ် ၁၀၀ ကျော်က တည်ဆောက်ခဲ့သည့် ဘူတာရုံကြီးနှင့် လွန်ခဲ့သည့် ၁၄၆ နှစ်က ဖောက်လုပ်ခဲ့သည့် မီးရထားလမ်းများသည် ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်များအဖြစ် ယနေ့တိုင်ကျန်ရှိ အသုံးပြုလျက်ရှိနေပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)(၅)(၉)**
- **မြန်မာ့မီးရထား နှစ် ၁၀၀ ပြည့်စာစောင်**
- **မြန်မာ့မီးရထားနှစ်တစ်ရာသမိုင်း(မြင့်ဆွေ)**

## အေးချမ်းပါစေ မြန်မာပြည်

- မြန်မာပြည် တိုင်းရင်းသား
ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စေ၊
ဘေးဘယာ ဝေးကွာအထူး
ကြည်နူးမှုဝေ၊
ကျောင်းကန်ဘုရား စေတီမြေ
ကုသိုလ်တွေ ပြုလုပ်ကြ၊
မြတ်သဒ္ဓါ ရည်မျှော်မှန်း
ရှင်လန်းသုခ။

- ချစ်ခင်စွာ ကူညီဖေး
သာယာအေး တို့မြန်မာ၊
စေတနာ မေတ္တာမိုး
သွန်းဖြိုးလို့ရွာ၊
အပြုံးပန်းများ ဝေဝေဆာ
ဖူးပွင့်ကာ လှစေသား၊
ရွှေမြန်မာ ဂုဏ်မညှိုး
ကြိုးစားတဲ့အား။

- ဘက်စုံရယ် တိုးတက်ကောင်းဖို့
စုပေါင်းစို့ သွေးစည်းမယ်၊
ရွှေမြန်မာ သမိုင်းမရိုင်း
တိုင်းနှင့် ပြည်နယ်၊
သွေးချင်းတို့ ချစ်စဖွယ်
လက်တွဲကွယ် သွေးမကွဲ၊
ပြည်မြန်မာ အေးချမ်းရေးကို
လေးစားအစဉ်မြဲ။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ရေနံချောင်းမြို့နယ် သာလူးကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေနံချောင်း ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ရေနံချောင်းမြို့နယ် သာလူးကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သာလူးကန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရေနံချောင်းမြို့နယ် သာလူးကန်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၆ ဒသမ ၂၇၄ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၉ ရက်က ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နှဲ့ယဉ်**

## နိုင်ငံတကာ သတင်းများ

# တောင်ကိုရီးယားနှင့် ဂျပန်ခရီးသွားများအတွက် ကာလတိုဗီဇာထုတ်ပေးမှုကို တရုတ်ရပ်ဆိုင်းထား



**ဆိုးလ် ဇန်နဝါရီ ၁၀**

တရုတ် ခရီးသည်များအပေါ် ကိုဗစ်-၁၉ရောဂါကူးစက်မှုထိန်းချုပ်ရေးစည်းမျဉ်း ကန့်သတ်ချက်များ ကျင့်သုံးနေသည့် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကို တရုတ်နိုင်ငံက ကာလတိုဗီဇာများ ထုတ်ပေးမှု ဆိုင်းငံ့ထားခြင်းဖြင့် တုံ့ပြန်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသားခရီးသည်များအတွက် တရုတ်နိုင်ငံတွင်းသို့ ကာလတိုဝင်ရောက်ခွင့်ဗီဇာများထုတ်ပေးမှုကို ဆိုင်းငံ့ထားကြောင်း တောင်ကိုရီးယားနိုင်ငံဆိုင်ရာ တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

ထို့အတူ ဂျပန်နိုင်ငံဆိုင်ရာ တရုတ်သံရုံးကလည်း ဂျပန်နိုင်ငံသား ခရီးသွားများအတွက် ကာလတိုဗီဇာထုတ်ပေးမှုများ ရပ်ဆိုင်းထားကြောင်း ဂျပန်မီဒီယာများ၏ အဆိုအရ သိရသည်။

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုလုံးဝကင်းစင်ရေး မူဝါဒ နောက်ဆုံးစည်းမျဉ်းကို ဇန်နဝါရီ ၈ ရက်တွင် ရုပ်သိမ်းပေးခဲ့ပြီးနောက် သုံးနှစ်ကြာပိတ်ထားခဲ့သောနယ်စပ်များကို ပြန်ဖွင့်ပေးခဲ့သည်။

သို့သော် တရုတ်ပြည်တွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု အခြေအနေအရ အမေရိကန်၊ ပြင်သစ်၊ ဂျပန်နှင့် တောင်ကိုရီးယား အပါအဝင်ကမ္ဘာ့နိုင်ငံအချို့သည် တရုတ်ခရီးသွားများအတွက် ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုဆိုင်ရာ စည်းမျဉ်းများ ကျင့်သုံးလာခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကပ်ဘေးစတင်ချိန် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကပင် ရောဂါကူးစက်မှုကို ထိန်းချုပ်ရေးအတွက် နယ်စပ်များပိတ်ထားခဲ့ရာစီးပွားရေးဖွံ့ဖြိုးမှုနှုန်းလည်း ထိခိုက်ခဲ့ရကြောင်း သိရသည်။

KKO

# ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာ နိုင်ငံရေးပါတီသစ်တစ်ခုနှင့် လက်တွဲ

**ဗန်ကောက် ဇန်နဝါရီ ၁၀**

ထိုင်းဝန်ကြီးချုပ်ပရာယုချန်အိုချာသည် ဇန်နဝါရီ ၉ ရက်တွင် နိုင်ငံရေးပါတီသစ်တစ်ခုနှင့် လက်တွဲပူးပေါင်းလိုက်ပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဇန်နဝါရီ ၉ ရက်တွင် ထိုင်းဝန်ကြီးချုပ်ပရာယုချန်အိုချာသည် ညီညွတ်သော ထိုင်းအမျိုးသားများ ပါတီအမည်ရှိ နိုင်ငံရေးပါတီသစ်နှင့် လက်တွဲပူးပေါင်းခဲ့ကြောင်း ထိုင်းမီဒီယာများကသတင်းထုတ်ပြန်ထားသည်။

ညီညွတ်သော ထိုင်းအမျိုးသားများပါတီသည် ပြီးခဲ့သည့်နှစ်ကမှပင် ပထမဆုံးပါတီ အစည်းအဝေးကျင်းပခဲ့သော ပါတီသစ်ဖြစ်သည်။

ဝန်ကြီးချုပ် ပရာယုချန်အိုချာ အနေဖြင့် ဝန်ကြီးချုပ်ရာထူးတတိယသက်တမ်းအတွက် ရည်ရွယ်၍ နိုင်ငံရေးပါတီ အကူးအပြောင်း ပြုလုပ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

လက်ရှိအချိန်တွင် ဝန်ကြီးချုပ်ပရာယုချန်အိုချာသည် ထိုင်းဘုရင့်တပ်မတော်ကျောထောက်နောက်ခံပြု ပါလန်းပရာချာရတ်ပါတီကို ကိုယ်စားပြု၍ ဝန်ကြီးချုပ်ရာထူးရရှိထားခြင်းဖြစ်သည်။

ထိုင်းနိုင်ငံသည် ယခုနှစ်မေလအတွင်း အထွေထွေရွေးကောက်ပွဲများကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

KKO



# ဟိုက်ပါဆိုးနစ်ဒုံးကျည်တင် ရုရှားစစ်သင်္ဘော နော်ဝေပင်လယ်၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်

**မော်စကို ဇန်နဝါရီ ၁၀**

အသံထက်မြန်နှုန်းမြင့်ဟိုက်ပါဆိုးနစ်ခရူစ်ဒုံးကျည်များတင်ဆောင်ထားသည့် ရုရှားရေတပ်စစ်သင်္ဘောတစ်စီးသည် နော်ဝေပင်လယ်ဒေသအတွင်း စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုကို ကိုးကားပြီး ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်အမည်ရှိ ရုရှားရေတပ် ဖရီးဂိတ်စစ်သင်္ဘောသည် နော်ဝေပင်လယ်အတွင်း လေကြောင်းရန် ကာကွယ်ရေး လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်ဖရီးဂိတ်စစ်သင်္ဘော စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သော အချိန်ကာလကို ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

အသံထက် မြန်နှုန်းမြင့် ဟိုက်ပါဆိုးနစ် ခရူစ်ဒုံးကျည်များ တပ်ဆင်ထားသော အက်ဒ်မိုင်ရယ်ဂေါ့ရှ်ကော့ဗ်စစ်သင်္ဘောကို ရုရှားသမ္မတပူတင်က ပြီးခဲ့သည့် ရက်သတ္တပတ်က အတ္တလန္တိတ်သမုဒ္ဒရာဒေသသို့ စေလွှတ်ထားခြင်းဖြစ်သည်။

အက်ဒ်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် စစ်သင်္ဘော၌ တပ်ဆင်ထားသည့် ဇာကွန်အမျိုးအစား ဟိုက်ပါဆိုးနစ်ဒုံးကျည်များသည် အသံ၏ မြန်နှုန်းထက် ကိုးဆပိုသောအမြန်နှုန်းဖြင့် အကွာအဝေး မိုင် ၆၂၀ ထိ ပျံသန်းနိုင်သည်။

မကြာမီကာလအတွင်း မြောက်အတ္တလန်တိတ်စာချုပ်အဖွဲ့ (နေတိုး) အုပ်စုဝင်နိုင်ငံများ၏ ကမ်းရိုးတန်းများအနီးသို့ ရုရှားဟိုက်ပါဆိုးနစ်ဒုံးကျည်များ ရောက်လာလိမ့်မည်ဟု ရုရှားသမ္မတဟောင်းမက်ဗီဒက်ဗ်က ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း သတိပေးထားကြောင်း သိရသည်။

KKO

# တရုတ်နိုင်ငံခြားရေးဝန်ကြီးသစ် ချင်ကန်း အာဖရိကခရီးစဉ်စတင်

**ပေကျင်း ဇန်နဝါရီ ၁၀**

တရုတ် နိုင်ငံခြားရေးဝန်ကြီးသစ် ချင်ကန်းသည် ၎င်း၏ ရာထူးသစ်သက်တမ်းရရှိပြီး ရက်သတ္တပတ်အကြာတွင် အာဖရိကခရီးစဉ်ဖြင့် စတင်နေပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဇန်နဝါရီ ၉ ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ်မှပင် နိုင်ငံခြားရေးဝန်ကြီးရာထူးရရှိခဲ့သူ ချင်ကန်းသည် ၎င်း၏အာဖရိကခရီးစဉ်ကို ဇန်နဝါရီ ၉ ရက်တွင် စတင်ခဲ့သည်။

ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်ထိ ကြာမြင့်သည့် အာဖရိကခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းသည် အီသီယိုးပီးယား၊ ဂါဘွန်းအင်ဂိုလာ၊ဘီနင်းနှင့် အီဂျစ်နိုင်ငံများသို့ ဝင်ရောက်မည်ဖြစ်သည်။

ချင်ကန်းမတိုင်မီ ပြီးခဲ့သည့်နှစ်၃၀ကျော်ကာလအတွင်း တာဝန်ယူခဲ့ကြသည့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများသည်လည်း ရာထူးသက်တမ်းတစ်လျှောက် နှစ်စဉ်နှစ်တိုင်းကို အာဖရိကခရီးစဉ်များဖြင့် စတင်ခဲ့ကြသည်။

အသက် ၅၆ နှစ်ရှိ ချင်ကန်းကို တရုတ်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တရုတ်အစိုးရက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံသည်လည်း တရုတ်နိုင်ငံနှင့်အပြိုင် အာဖရိကတိုက်၌ ဩဇာလွှမ်းမိုးထားနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိရာ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဝါရှင်တန်မြို့၌ အာဖရိကခေါင်းဆောင်များနှင့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

KKO

# ပြုပြင်ထိန်းသိမ်းရေးအပိုပစ္စည်းပြတ်လပ်မှုပြဿနာနှင့် ကင်ညာလေကြောင်းလိုင်း ရင်ဆိုင်နေရ

**နိုင်ရိုဘီ ဇန်နဝါရီ ၁၀**

လေယာဉ်ပြုပြင် ထိန်းသိမ်းရေးအတွက် လိုအပ်သည့် လေယာဉ်အပိုအစိတ်အပိုင်းများ ရယူရာတွင် ကြန့်ကြာနေမှုများကြောင့် ကင်ညာလေကြောင်းလိုင်းသည် ခရီးစဉ်များ ထိခိုက်မှုနှင့် ရင်ဆိုင်နေရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




လေယာဉ် အပိုအစိတ်အပိုင်းများရရှိမှု ဆက်လက်ကြန့်ကြာနေမည်ဆိုလျှင် ကင်ညာလေကြောင်းလိုင်းအနေဖြင့် ခရီးစဉ်အချို့လျှော့ချရဖွယ်ရှိကြောင်း လေကြောင်းလိုင်းတာဝန်ရှိသူများက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားထားသည်။

ကင်ညာ လေကြောင်းလိုင်း ရင်ဆိုင်နေရသည့် လေယာဉ်အပိုပစ္စည်းများရရှိရေး ကြန့်ကြာနေမှုပြဿနာသည် ယူကရိန်းစစ်ရေးပဋိပက္ခနှင့် ပတ်သက်နေကြောင်း ကင်ညာလေကြောင်းလိုင်း တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ယူကရိန်း ပြဿနာကြောင့် နိုင်ငံတကာလေကြောင်းပျံသန်းရေးဈေးကွက်အတွက် အရေးကြီးသည့် ရုရှားပစ္စည်းများ ဈေးကွက်အတွင်း ဝင်ရောက်မှု ကြန့်ကြာနေရသည်ဟု ကင်ညာလေကြောင်းလိုင်း တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။


ရုရှားနိုင်ငံ၏ တိုက်တေနီယမ် ပို့ကုန်များသည် လေကြောင်းစက်မှုလုပ်ငန်း၌ အသုံးပြုသည့် အဓိက ကုန်ကြမ်းဖြစ်ပြီး လေယာဉ်များ ပြုပြင်ထိန်းသိမ်းရာတွင် အရေးကြီးကြောင်း သိရသည်။

ကင်ညာ လေကြောင်းလိုင်းသည် အာဖရိကတိုက်၏အကြီးမားဆုံး လေကြောင်းလိုင်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏သက်မဲ့ဂြိုဟ်တုတစ်စင်း ဇန်နဝါရီ ၉ ရက်က ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့



**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ သက်မဲ့ဂြိုဟ်တုတစ်စင်းသည် ဇန်နဝါရီ ၉ ရက်က ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ရေးသား တင်ပြထားသည်။

ERBS အမည်ရှိ အဆိုပါ သက်မဲ့ဂြိုဟ်တုသည် ဘာရင်းပင်လယ်ဒေသအထက်၌ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

လေထုလွှာအတွင်း ဝင်ရောက်စဉ် ဂြိုဟ်တုအစိတ်အပိုင်းအများစုမှာ လောင်ကျွမ်းပျောက်ကွယ်သွားခဲ့ရပြီး အစအနတချို့ ဘာရင်းပင်လယ်အတွင်းသို့ ကျရောက်နိုင်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် ERBS ဂြိုဟ်တုကို ၁၉၈၄ ခုနှစ်တွင် လွှတ်တင်ခဲ့ရာ အဆိုပါဂြိုဟ်တု၏သက်တမ်းမှာ နှစ် ၄၀ ရှိခဲ့ပြီဖြစ်သည်။

အလေးချိန် နှစ်တန်ရှိ ERBS ဂြိုဟ်တုသည် မစ်ရှင်သက်တမ်းတစ်လျှောက်တွင် ကမ္ဘာ့ဖြာထွက်ရောင်ခြည် ဝန်းကျင်အခြေအနေများကို လေ့လာစောင့်ကြည့်ခဲ့သည်။

အဆိုပါဂြိုဟ်တု၏မစ်ရှင်သက်တမ်းကို နာဆာအဖွဲ့က နှစ်နှစ်တာ သတ်မှတ်ခဲ့သော်လည်း ၂၀၀၅ ခုနှစ်ထိတိုင် မစ်ရှင်တာဝန်များ ဆက်လက် ရယူနိုင်ခဲ့ကြောင်း သိရသည်။

KKO

## ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်မှ ပို့လွှတ်မည့်အချက်ပြလှိုင်းများကို တရုတ်သိပ္ပံပညာရှင်များ စောင့်ဆိုင်းနေကြရဆဲဖြစ်


**ပေကျင်း ဇန်နဝါရီ ၁၀**

ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်မှ ပို့လွှတ်မည့်အချက်ပြလှိုင်းများကို တရုတ်သိပ္ပံပညာရှင်များ စောင့်ဆိုင်းနေကြရဆဲဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၉ ရက်က ရေးသားတင်ပြထားသည်။

အင်္ဂါဂြိုဟ် ဆောင်းရာသီကို ကျော်ဖြတ်ရေးအတွက် စနစ်များပိတ်၍ငြိမ်သက်နေခဲ့သော ကျူရောင်း အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ပြီးခဲ့သည့်လအတွင်း ပြန်လည်နိုးထလာရမည်ဖြစ်သည်။

သို့ရာတွင် ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် လက်ရှိအချိန်ထိ ကမ္ဘာမြေသို့ ပြန်လည်သတင်းပေးပို့မှု မရှိသေးကြောင်း သိရသည်။

ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် ဆောင်းရာသီကာလအတွင်း ရင်ဆိုင်ရတတ်သည့် သဲမုန်တိုင်းများနှင့် အပူချိန်ကျဆင်းမှုဒဏ်တို့ကို ရင်ဆိုင်ရေးအတွက် ၂၀၂၂ ခုနှစ် မေလမှစ၍ ဆောင်းခိုခဲ့ကြောင်း သိရသည်။



ထို့ပြင် တရုတ်နိုင်ငံ၏ တီယန်ဝန်-၁ အင်္ဂါဂြိုဟ်ပတ်အာကာသယာဉ်မှာလည်း ဆက်သွယ်ရေးစနစ်ပြဿနာတစ်ရပ် ရှိနေပုံရကြောင်း လေ့လာ စောင့်ကြည့်နေသည့် သတင်းအရင်းအမြစ်များက မီဒီယာများသို့ ပြောကြားထားသည်။

သို့ရာတွင် ကျူရောင်းအင်္ဂါဂြိုဟ် မျက်နှာပြင်လေ့လာရေးယာဉ်နှင့် တီယန်ဝန်-၁ အင်္ဂါဂြိုဟ်ပတ်ယာဉ်ကိစ္စများကို တရုတ်အမျိုးသား အာကာသအေဂျင်စီက တစ်စုံတစ်ရာ တရားဝင်ထုတ်ပြောခြင်းမျိုး မရှိသေးကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံက ၂၀၂၃ ခုနှစ်အတွက် ပထမဆုံးအာကာသမစ်ရှင်အဖြစ် ဇန်နဝါရီ ၉ ရက်တွင် ဂြိုဟ်တုသစ်သုံးစင်းကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့

**ပေကျင်း ဇန်နဝါရီ ၁၀**

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွက် ပထမဆုံးအာကာသမစ်ရှင်အဖြစ် ဇန်နဝါရီ ၉ ရက်တွင် ဂြိုဟ်တုသစ်သုံးစင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ရေးသား တင်ပြထားသည်။

တရုတ်နိုင်ငံသည် အဆိုပါ ဂြိုဟ်တုသစ် သုံးစင်းကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန် အာကာသယာဉ်လွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှီကျိုယန်-၂၃၊ ရှီယန်း-၂၂အေနှင့် ရှီယန်း-၂၂ ဘီ ဂြိုဟ်တုများကို လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီးမကြာမီမှာပင် ၎င်းဂြိုဟ်တုသုံးစင်းလုံးကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုများအနက် ရှီကျိုယန်-၂၃ ဂြိုဟ်တုသည် သိပ္ပံပညာ စမ်းသပ်မှုများပြုလုပ်မည်ဖြစ်ပြီး ရှီယန်း-၂၂ အေနှင့် ရှီယန်း-၂၂ ဘီ ဂြိုဟ်တုများကမူ အာကာသဝန်းကျင်စောင့်ကြည့်မှုကဲ့သို့ နည်းပညာသစ်များကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၉ ရက် မစ်ရှင်သည် တရုတ်နိုင်ငံ၏ ၂၀၂၃ ခုနှစ်အတွက် ပထမဆုံး အာကာသမစ်ရှင်ဖြစ်သည့်အပြင် အဆိုပါမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၄၅၉ ကြိမ်မြောက် အာကာသမစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## PFSPZငှက်ဖျားရောဂါကာကွယ်ဆေးသစ်က ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်စွာကာကွယ်နိုင်

**နယူးယောက် ဇန်နဝါရီ ၁၀**

အနောက် အာဖရိကနိုင်ငံများ၌ ပြုလုပ်နေသည့် လက်တွေ့စမ်းသပ်မှုများအရ သုံးကြိမ်ထိုးနှံရန်လိုအပ်သည့် Plasmodium Falciparum Sporozoide (PFSPZ) အမည်ရှိ ငှက်ဖျားရောဂါ ကာကွယ်ဆေးသစ်သည် ဘေးကင်းလုံခြုံမှုရှိသလို ထိရောက်စွာကာကွယ်နိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၉ ရက်က ရေးသား တင်ပြထားသည်။

အဆိုပါ PFSPZ ငှက်ဖျားရောဂါ ကာကွယ်ဆေးသစ်ကို အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ်မှ သုတေသနပညာရှင်များက စမ်းသပ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များပြုလုပ်ခဲ့သော PFSPZ ငှက်ဖျားရောဂါ ကာကွယ်ဆေး စမ်းသပ်မှုတွင် အနောက်အာဖရိကနိုင်ငံများမှ အရွယ်ရောက်သူဦးရေ ၈၀ တို့ ပါဝင်ခဲ့ကြသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ PFSPZ ငှက်ဖျားရောဂါကာကွယ်ဆေးသည် ထိုးနှံပြီး ခြောက်လအတွင်း ငှက်ဖျားရောဂါကို ကာကွယ်နိုင်မှု ၄၈ ရာခိုင်နှုန်းထိရှိပြီး၊ ထိုးနှံပြီး ၁၈ လအကြာတွင် ၎င်းရာခိုင်နှုန်းထိ ဆက်ရှိနေဆဲဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် PFSPZ ငှက်ဖျားရောဂါ ကာကွယ်ဆေးသည် ယခင် ငှက်ဖျားရောဂါ ဖြစ်ဖူးသူများကိုလည်း ငှက်ဖျားရောဂါ ပြန်လည်ဖြစ်ပွားမှုမှ ၅၂ ရာခိုင်နှုန်းထိ ထိရောက်စွာ ကာကွယ်ပေးထားနိုင်ကြောင်း သိရသည်။

PFSPZ ငှက်ဖျားရောဂါ ကာကွယ်ဆေးသည် Plasmodium Falciparum Sporozoide ခေါ် ငှက်ဖျားပိုးတစ်မျိုးဖြင့် ဖန်တီးထားသည့် ကာကွယ်ဆေးဖြစ်ကြောင်း သိရသည်။ KKO

## အော်တစ်ဇင်ရောဂါစစ်ဆေးနည်းတစ်မျိုး သုတေသနပညာရှင်များ ဖန်တီးထား

**နယူးယောက် ဇန်နဝါရီ ၁၀**

ကလေးများတွင် ဖြစ်ပွားတတ်သော အော်တစ်ဇင် (Autism) ခေါ် စိတ်ကျန်းမာရေးပြဿနာကို ဆံပင်မျှင်တစ်မျှင်တည်းသုံး၍ ဖော်ထုတ်ပေးနိုင်မည့် ရောဂါစစ်ဆေးနည်းတစ်မျိုးကို သုတေသနပညာရှင်များက ဖန်တီးထားကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၉ ရက်က ရေးသား တင်ပြထားသည်။

အဆိုပါ ရောဂါစစ်ဆေးနည်းအရ ဆံချည်မျှင်နမူနာထဲရှိ ခဲနှင့် အလူမီနီယမ်ကဲ့သို့ သတ္တုဓာတ်များပါဝင်မှုအဆင့်ကို တိုင်းတာပေးခြင်းဖြင့် အော်တစ်ဇင်ရောဂါ ရှိ၊ မရှိကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။

အော်တစ်ဇင် ရောဂါရှိသူကလေးများ၌ ခဲနှင့်အလူမီနီယမ်ကဲ့သို့သော သတ္တုဓာတ်များ ကိုယ်တွင်းစုစည်းပါဝင်နေမှု မြင့်မားနေတတ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် လင်းနက်စ်ဘိုင်အိုဇီဝနည်းပညာကုမ္ပဏီမှ သုတေသနပညာရှင်များက ပြောကြားသည်။

အော်တစ်ဇင်ရောဂါကို သာမန်အားဖြင့် ကလေး လေးနှစ်အရွယ်ရောက်မှသာ ဖော်ထုတ်တွေ့ရှိရတတ်ပြီး တွေ့ရှိချိန်တွင် ဦးနှောက်အပြောင်းအလဲများ စတင်ဖြစ်ပွားနေပြီဖြစ်ရာ မိမိတို့အနေဖြင့် အော်တစ်ဇင်ရောဂါကို စောနိုင်သမျှစောစော ဖော်ထုတ်နိုင်ရန်လိုကြောင်း၊ လင်းနက်စ်ဘိုင်အိုဇီဝနည်းပညာကုမ္ပဏီက ဖန်တီးထားသည့် အော်တစ်ဇင်ရောဂါစစ်ဆေးနည်းတွင် ရောဂါဖြစ်စဉ်များကို ၈၁ ရာခိုင်နှုန်းထိ တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပြင်သစ်လက်ရွေးစင် ကစားသမားဘဝမှ အနားယူကြောင်း ဂိုးသမားလိုရစ် ထုတ်ပြန်

**ပဲရစ် ဇန်နဝါရီ ၁၀**

ပြင်သစ်လက်ရွေးစင် အသင်းအတွက် ပွဲအများဆုံးကစားခဲ့သည့် ဂိုးသမားလိုရစ်က နိုင်ငံအသင်း ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၆ နှစ်ရှိ ဂိုးသမားလိုရစ်သည် ၂၀၂၂ ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်တွင် အာဂျင်တီးနားအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြင်သစ်အသင်းအတွက် ပြိုင်ပွဲစုံ ၁၄၅ ပွဲ ပါဝင်ကစားခဲ့သည့် ပွဲအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သကဲ့သို့ အသင်းခေါင်းဆောင်အဖြစ်လည်း ပွဲ ၁၀၀ ပြည့်မြောက်ခဲ့သည့် မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပြီးနောက် နိုင်ငံအသင်း ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့သည်။

ဂိုးသမားလိုရစ်က "ကျွန်တော့်ရဲ့နေရာအတွက် လက်ဆင့်ကမ်းရမဲ့ ကစားသမားရှိနေတဲ့အတွက် အနားယူဖို့ အချိန်ကျလာပြီလို့ ထင်ပါတယ်။ အခုလို အနားယူဖို့ ဆုံးဖြတ်ချက်ကို မချချင်ပေမဲ့ တစ်ချိန်ချိန်မှာ ကျွန်တော်တို့ မဖြစ်မနေ ကြုံတွေ့ရမဲ့အရာပါ။ အသင်းအနေနဲ့ ကျွန်တော့်နေရာမှာ အစားထိုးဖို့ မိုင်ဂနန်လို ဂိုးသမားတစ်ဦးအသင့်ရှိနေတာကြောင့်လဲ လက်ရွေးစင်ကစားသမားဘဝက အနားယူလိုက်တာပါ"ဟု ပြောကြားခဲ့သည်။

လိုရစ်သည် ပြင်သစ်လက်ရွေးစင်အသင်းအတွက် ၂၀၀၈ ခုနှစ်က ပထမဆုံး ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီးနောက် ၂၀၁၆ ယူရိုပြိုင်ပွဲတွင် အသင်းအား ဗိုလ်လုပွဲစဉ်သို့ ပို့ဆောင်ခဲ့သည့်အပြင် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ချန်ပီယံဆုနှင့် ၂၀၂၁ ခုနှစ်တို့တွင် ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက ဆောက်သမ်တန်ကွင်းလယ်ကစားသမား လာဗီယာကို ခေါ်ယူရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ထိ သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။
- ဂျူဗင်တပ်ကစားသမား မက်ကင်နီကိုခေါ်ယူမည့် အသင်းများထဲတွင် အေဗီလာအသင်းပါဝင်လာခဲ့ပြီး ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ဖြင့် ခေါ်ယူရန် ဆွေးနွေးနေကြောင်း သိရသည်။
- အက်ဖ်အေဖလားပွဲစဉ်တွင် ရရှိခဲ့သည့် ကွင်းလယ်ကစားသမား ဆာကာ၏ ဒူးဒဏ်ရာမှာ ပြင်းထန်မှုမရှိကြောင်း နည်းပြ အာတီတာက တရားဝင်ထုတ်ပြန်ခဲ့သည်။
- ဂျာအိုဖီးလစ်ကို ခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည့် ချဲလ်ဆီးအသင်းက ကစားသမားကို ဆေးစစ်မှုပြုလုပ်နေကြောင်း ထုတ်ပြန်ခဲ့သည်။

ML

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# မန်ယူအသင်းက နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဟယ်ရီကိန်းကို ဘိုင်ယန်မြူးနစ်အသင်းနှင့်အပြိုင် ကမ်းလှမ်းရန် ပြင်ဆင်




**မန်ချက်စတာ ဇန်နဝါရီ ၁၀**

မန်ယူအသင်းအနေဖြင့် လက်ရှိ ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမှုမပြုလုပ်ဘဲ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလမှသာ စပါးအသင်းမှ ဟယ်ရီကိန်းကို ဘိုင်ယန်မြူးနစ် အသင်းနှင့်အပြိုင် ကမ်းလှမ်းရန် ပြင်ဆင်လျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းအတွက် လိုအပ်နေသည့် တိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန် ကြိုးပမ်းခဲ့သော်လည်း အသင်းပိုင်ရှင်အပြောင်းအလဲ ဖြစ်လာဖွယ်ရှိနေသည့်အခြေအနေကြောင့် ပြောင်းရွှေ့ကြေးအသုံးစရိတ် မလုံလောက်သောကြောင့် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလမှသာ ခေါ်ယူဖွယ်ရှိနေသည်။

မန်ယူအသင်းက လက်ရှိ ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုမပြုလုပ်ဘဲ လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလမှသာ အသင်းတိုက်စစ်ပိုင်းကို ထိပ်တန်းကစားသမားများနှင့်အစားထိုးရန် ပြင်ဆင်နေပြီး ဟယ်ရီကိန်းကို ဦးစားပေးပစ်မှတ်အဖြစ် ခေါ်ယူရန် ပြင်ဆင်နေကာ ဒုတိယဦးစားပေးအဖြစ် နာပိုလီအသင်းမှ အိုဆီမန်ကိုပစ်မှတ်ထားလျက်ရှိနေသည်။

စပါးအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် ဟယ်ရီကိန်းကို အစောပိုင်းကတည်းက ဘိုင်ယန်မြူးနစ်အသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် ခေါ်ယူရန် ပြင်ဆင်ထားသည့်အတွက် မန်ယူအသင်းကလည်း ဘိုင်ယန်မြူးနစ်အသင်းနှင့်အပြိုင် ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သိရသည်။ STA

# ကမ္ဘာ့အဆင့်သတ်မှတ်ချက်အတွက် တွက်ချက်မှုစနစ်ကို ဂျွန်ရမ်းက မေးခွန်းထုတ်

**မက်ဒရစ် ဇန်နဝါရီ ၁၀**

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားဟောင်း တစ်ဦးဖြစ်သူ ဂျွန်ရမ်းအနေဖြင့် ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီ နှစ်ကုန်ပိုင်းတွင် အောင်မြင်မှုများရရှိခဲ့သလို ၂၀၂၃ ခုနှစ်၏ ပထမဆုံးသော PGA Tour ပြိုင်ပွဲဖြစ်သည့် Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ကမ္ဘာ့အဆင့် ရပ်တည်ချက် တိုးတက်လာခြင်း မရှိသည့်အပေါ် ကမ္ဘာ့အဆင့်ရပ်တည်ချက် တွက်ချက်မှုစနစ်အား မေးခွန်းထုတ်လိုက်ကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားဟောင်း ဂျွန်ရမ်းသည် အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းတွင် ကျင်းပခဲ့သော Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သော်လည်း ကမ္ဘာ့အဆင့်ရပ်တည်ချက်မှာ အဆင့်(၅) နေရာ၌သာ ဆက်လက်ရပ်တည်ခွင့် ရခဲ့သည်။

Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲအပြီး ကမ္ဘာ့အဆင့်ရပ်တည်ချက် ထုတ်ပြန်ခဲ့ရာတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက ကမ္ဘာ့အဆင့် (၁) နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သလို အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက ကမ္ဘာ့အဆင့် (၂)၊ ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်က ကမ္ဘာ့အဆင့်(၃)၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ကန်တလေက ကမ္ဘာ့အဆင့် (၄) နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ကမ္ဘာ့အဆင့် (၅) အတွင်း ရပ်တည်နေသည့် ဂေါက်သီးရိုက်ကစားသမားများအကြား ကမ္ဘာ့အဆင့်သတ်မှတ်ချက် ပြောင်းလဲမှုမရှိခဲ့ဘဲ ဂျွန်ရမ်းအနေဖြင့် Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့် (၄) နေရာသို့ ရောက်ရှိသင့်သော်လည်း ရောက်ရှိမလာခဲ့ခြင်းအပေါ် စိတ်ပျက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ AZL

# WBO အဖွဲ့ချုပ်က စူပါဖလိုင်းဝိတ်တန်း လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် နာကာတာနီနှင့်ထိုးသတ်ရန် ကာဇူတိုအား စီစဉ်

**ဆန်ဂျူအန် ဇန်နဝါရီ ၁၀**

ပွာတိုရီကိုနိုင်ငံ အခြေစိုက် WBO အဖွဲ့ချုပ်သည် စူပါဖလိုင်းဝိတ်တန်း လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိ ချန်ပီယံဖြစ်သူ ဂျပန်နိုင်ငံသား ကာဇူတိုအား တစ်နိုင်ငံတည်းသား ကစားသမားတစ်ဦးပင်ဖြစ်သည့် နာကာတာနီနှင့် ပွဲအမြန်ဆုံး စီစဉ်သွားရန် ယနေ့တွင် ညွှန်ကြားလိုက်ကြောင်း Boxing Scene သတင်းဌာနက ဖော်ပြခဲ့သည်။

WBO စူပါဖလိုင်းဝိတ်တန်း လက်ရှိချန်ပီယံကာဇူတိုသည်၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်က WBA စူပါဖလိုင်းဝိတ်တန်း လက်ရှိ ချန်ပီယံ ဂျိုရှာဖရန်ကိုနှင့် ထိုးသတ်ခဲ့ရာ သရေရလဒ်နှင့် အဆုံးသတ်ခဲ့ရသည်။

လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်ကို ထိုးသတ်ထားသည်မှာ ရက်ပိုင်းသာရှိသေးသော်လည်း WBO အဖွဲ့ချုပ်က ကာဇူတိုကို နာကာတာနီနှင့် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ထိုးသတ်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်ရန် ညွှန်ကြားလာခြင်းမှာ ကာဇူတိုအတွက် ခက်ခဲသည့် အခြေအနေတစ်ရပ်ဖြစ်နေသည်။

သို့သော်လည်း WBO အဖွဲ့ချုပ်က တရားဝင်ညွှန်ကြားလာပြီဖြစ်သည့်အတွက် ကာဇူတိုအနေဖြင့် နာကာတာနီနှင့် စိန်ခေါ်ပွဲကို မဖြစ်မနေထိုးသတ်ရတော့မည်ဖြစ်ပြီး ဆွေးနွေးမှုကိုလည်း သတ်မှတ်ရက်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရတော့မည်ဖြစ်သည်။



WBO ချန်ပီယံရှစ်ကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ ဘာတစ္စတာ ဆာလက်စ်က "WBO စူပါဖလိုင်းဝိတ်တန်း လက်ရှိချန်ပီယံ ကာဇူတိုကို လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဂျပန်လက်ဝှေ့သမားနာကာတာနီနဲ့ထိုးသတ်ဖို့WBOအဖွဲ့ချုပ်က ပြဋ္ဌာန်းထားတဲ့ ဥပဒေစည်းမျဉ်းအတိုင်းဆွေးနွေးညှိနှိုင်းဖို့ နှစ်ဖက်အသင်းကို အသိပေးအပ်ပါတယ်။ သတ်မှတ်ရက်အတွင်း ဆွေးနွေးညှိနှိုင်းမှုကို အပြီးသတ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ပြင်သစ်လိဂ်ဖလားပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဖာဗရီကို နိုက်အသင်းရာထူးမှထုတ်ပယ်



**ပဲရစ် ဇန်နဝါရီ ၁၀**

ပြင်သစ်ကလပ် နိုက်အသင်းသည် ပြည်တွင်းလိဂ်ဖလားပွဲစဉ်တွင် နေရှင်နယ်လိဂ်ကလပ် လီပူးအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြဖာဗရီကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နိုက်အသင်းသည် ယခုနှစ် ဇွန်လက နည်းပြဖာဗရီကို ဒုတိယအကြိမ်ပြန်လည်ခန့်အပ်ပြီးနောက် အာရွန်ရမ်ဆေး၊ ဘာကလေနှင့် ကက်စပါရှမိုက်ကယ်တို့ကို ခေါ်ယူပေးသော်လည်း အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၁၇ ပွဲတွင် ငါးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၂၁ မှတ်သာ ရရှိခဲ့ပြီး အဆင့် (၁၀) နေရာတွင်သာ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုက်အသင်းအနေဖြင့် လိဂ်ဖလားပြိုင်ပွဲတွင် တတိယတန်းကလပ် လီပူးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ပြိုင်ပွဲစုံတွင် နိုင်ပွဲမရရှိခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက နည်းပြဖာဗရီကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

နိုက်အသင်း ဘုတ်အဖွဲ့က "အခုရာသီမှာ ကျွန်တော်တို့အသင်းရဲ့ ရလဒ်ပိုင်းကို အားလုံးသိမြင်ကြမှာဖြစ်ပါတယ်။ အသင်းအနေနဲ့ ရလဒ်ဆိုးတွေကနေ ရုန်းထွက်ဖို့ နည်းပြဖာဗရီနဲ့ လမ်းခွဲလိုက်တာပါ။ ဖာဗရီဟာ အသင်းကို ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှာ ဥရောပပြိုင်ပွဲကစားခွင့်ရရှိအောင် စွမ်းဆောင်ခဲ့တာကြောင့် အသင်းပရိသတ်တွေရဲ့ ရင်ထဲမှာ အမြဲရှိနေသူပါ။ လက်ရှိမှာလဲ သူဟာ အသင်းရဲ့ မိသားစုဝင်တစ်ယောက်အနေနဲ့ ဆက်ရှိနေမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# ASB Classic တင်းနစ်ပြိုင်ပွဲပထမအဆင့်တွင် နာမည်ကြီးကစားသမားအစ္စနာက ဘာရဲရီကို ရှုံးနိမ့်

**ဝယ်လင်တန် ဇန်နဝါရီ ၁၀**

နယူးဇီလန်နိုင်ငံတွင် ကျင်းပနေသည့် ASB Classic တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်ကစားသမား အစ္စနာနှင့် ပြင်သစ်တင်းနစ်ကစားသမား ဘာရဲရီတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဘာရဲရီက (၆-၇၊ ၇-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်ဟု The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အစ္စနာအနေဖြင့် ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်ခဲ့သော်လည်း ပုံစံကောင်းပျောက်ဆုံးကာ ထင်မှတ်မထားသည့် အခြေအနေဖြင့် ဘာရဲရီကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပွဲစဉ်၏ ပထမပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် Tie-break ထိ ကစားခဲ့ပြီးမှ ပြန်လည်ရှုံးနိမ့်ခဲ့ရသည်။

အဆုံးအဖြတ် ပွဲစဉ်အဖြစ် တတိယပွဲငယ်တွင် ဘာရဲရီက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဘာရဲရီက "ဒီပြိုင်ပွဲအတွက် လေ့ကျင့်မှုတွေ အပြင်းအထန်ပြုလုပ်ခဲ့ပါတယ်။ လေ့ကျင့်မှုတွေရဲ့ အကျိုးကျေးဇူးကြောင့် ပြိုင်ပွဲအတွင်းမှာ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ အစ္စနာဟာ စပေးဘောအရမ်းကောင်းတဲ့ ကစားသမားတစ်ယောက်ပါ။ သူ့ရဲ့ စပေးဘောကို ထိန်းနိုင်ဖို့က အရမ်းခက်တယ်။ ဒါပေမဲ့လဲ ကျွန်တော့်အနေနဲ့ ရလာတဲ့ အခွင့်အရေးတိုင်းကို အကောင်းဆုံးအသုံးချနိုင်ခဲ့တဲ့အတွက် အစ္စနာကို အနိုင်ရခဲ့တယ်။ အစ္စနာလို ပြိုင်ဘက်ကောင်း တစ်ယောက်ကို အနိုင်ကစားနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ကမ္ဘာ့အဆင့် ကစားသမားတစ်ယောက်ကို အနိုင်ကစားနိုင်ခဲ့တဲ့အတွက် ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်း အဆင့်တစ်ခုမြင့်တက်လာပြီလို့လဲ ခံစားမိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဘာရဲရီသည် ဒုတိယအဆင့်တွင် နိုင်ငံတူကစားသမား ကွန်စတန်လက်စတီအန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

AZL

# လူငယ်ကစားသမားများတွင် ဈေးကွက်တန်ကြေးအမြင့်ဆုံးကစားသမားအဖြစ် ဒေါ့မွန်အသင်းကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ထိပ်ဆုံး၌ ရပ်တည်



**လန်ဒန် ဇန်နဝါရီ ၁၀**

လက်ရှိအချိန် လူငယ်ကစားသမားများတွင် ဈေးကွက်တန်ကြေးအမြင့်ဆုံး ကစားသမားစာရင်း၌ ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီကိုကျော်ဖြတ်ပြီး ဒေါ့မွန်အသင်းမှ ဘယ်လင်ဟမ်က ထိပ်ဆုံးတွင် ရပ်တည်ခဲ့သည်ဟု One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ် လူငယ်ကစားသမားများကြား ဈေးကွက်တန်ကြေးအမြင့်ဆုံး ကစားသမားအဖြစ် ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီက ဈေးကွက်တန်ကြေး ယူရိုသန်း ၁၈၀ ဖြင့် ထိပ်ဆုံးတွင်ရပ်တည်ခဲ့သော်လည်း လက်ရှိ ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ဘယ်လင်ဟမ်က ဈေးကွက်တန်ကြေး သိသိသာသာ မြင့်တက်လာခဲ့ပြီး ယူရို ၂၀၈ သန်းဖြင့် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိနေသည်။

ဘယ်လင်ဟမ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အသင်း၌ ထိပ်တန်းအဆင့်ရှိသည့် ခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့်၂၀၂၂ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း အင်္ဂလန်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ဈေးကွက်တန်ကြေး သိသိသာသာ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

လူငယ်ကစားသမားများတွင် ဈေးကွက်တန်ကြေးအမြင့်ဆုံးကစားသမား ၁၀ ဦးစာရင်း၌ ဘယ်လင်ဟမ်၏နောက်တွင် မန်စီးတီးအသင်းမှ ဖိုဒန်က ယူရိုသန်း ၂၀၀ ဖြင့် အဆင့်(၂)၊ ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီက ယူရို ၁၉၁ သန်းဖြင့် အဆင့်(၃)၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်စ်က အဆင့်(၄)၊ မန်စီးတီးအသင်းမှ ဟာလန်းက အဆင့်(၅)၊ ဘာစီလိုနာအသင်းမှ ပက်ဒရီကအဆင့် (၆)၊ ဂါဗီက အဆင့်(၇)၊ ဘိုင်ယန်မြူးနစ်အသင်းမှ မူစီယာလာက အဆင့်(၈)၊ လိုက်ပ်ဇစ်အသင်းမှ ဂါဗာဒီလိုက အဆင့် (၉)နှင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗယ်ဗာဒီက အဆင့်(၁၀) နေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိနေသည်။

STA

# ဟော့ဖန်ဟိမ်းတိုက်စစ်မှူး ရက်တာကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် လိဒ်အသင်းကြိုးပမ်း

**လန်ဒန် ဇန်နဝါရီ ၁၀**

လိဒ်အသင်းသည် အသင်း၏ တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ဂျာမန်ကလပ် ဟော့ဖန်ဟိမ်းအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ရက်တာကို အသင်းစံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လိဒ်အသင်း သမိုင်းတွင် တိုက်စစ်မှူးရိုဒရီဂိုသည် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၇ သန်းဖြင့် ပြောင်းရွှေ့ကြေး အများဆုံး တိုက်စစ်မှူးအဖြစ် ရပ်တည်နေသော်လည်း ယခုအခါ အသင်းအနေဖြင့် ဟော့ဖန်ဟိမ်း တိုက်စစ်မှူးရက်တာကို ကလပ်အသင်းစံချိန်တင်ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဝန်းကျင်ဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ရက်တာသည် ဟော့ဖန်ဟိမ်းအသင်းနှင့်လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း လိဒ်အသင်းအနေဖြင့် ဟော့ဖန်ဟိမ်းအသင်းက အလိုရှိနေသည့် ယူရိုသန်း ၄၀ ပေးချေရန် သဘောတူနေသောကြောင့် ကစားသမားအနေဖြင့် လာမည့် ၄၈ နာရီအတွင်း လိဒ်အသင်းနှင့် ဆေးစစ်မှုခံယူကာ အပြောင်းအရွှေ့ အပြီးသတ်ဖွယ်ရှိကြောင်း သိရသည်။

လိဒ်အသင်းသည် တိုက်စစ်ပိုင်းတွင် ဘမ်းဖို့ဒ် ဒဏ်ရာရရှိနေသောကြောင့် တိုက်စစ်မှူး ရိုဒရီဂိုတစ်ဦးတည်းကိုသာ အားထားနေရသော်လည်း ၎င်းအနေဖြင့် ဒဏ်ရာမကြာခဏရရှိနေသဖြင့် တိုက်စစ်ပိုင်းရုန်းကန်နေရပြီး အမှတ်ပေးပြိုင်ပွဲ ၁၇ ပွဲအပြီးတွင် ရမှတ် ၁၇ မှတ်သာ ရရှိထားသောကြောင့် တန်းဆင်းဇုန် အန္တရာယ်နှင့် နီးကပ်နေချိန်၌ တိုက်စစ်ပိုင်းဖြည့်တင်းရန် ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း သိရသည်။

ML

## ပရီးမီးယားလိဂ် ပွဲစဉ် (၇) ပွဲကျန် ပွဲကြိုသုံးသပ်ချက်

STA

ဖူလ်ဟမ် Vs ချဲလ်ဆီး

**ကစားမည့်ရက်/အချိန် ၁၃-၁-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ချဲလ်ဆီး ၂ - ၀ ဖူလ်ဟမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ဖူလ်ဟမ် - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| ချဲလ်ဆီး - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲရယူထားတဲ့ ဖူလ်ဟမ်အသင်းဟာ ချဲလ်ဆီးအသင်းနဲ့တွေ့ဆုံတိုင်း တစ်ကြိမ်မှ အနိုင်ရဖူးခြင်းမရှိပါဘူး။ ချဲလ်ဆီးအသင်းကလဲ ဒဏ်ရာရကစားသမားတွေများပြားနေပြီး ရလဒ်ပိုင်းမတည်ငြိမ်ဘဲ ဖိအားတွေအောက်ရောက်နေလို့ နိုင်ပွဲပြန်ရအောင်ကြိုးစားလာမှာပါ။ ဒါကြောင့် ချဲလ်ဆီးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဖူလ်ဟမ် ၁ - ၂ ချဲလ်ဆီး**

## စပိန်စူပါဖလားဆီမီးဖိုင်နယ် ပွဲကြိုသုံးသပ်ချက်

STA

ဘက်တစ် Vs ဘာစီလိုနာ

**ကစားမည့်ရက်/အချိန် ၁၃-၁-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘက်တစ် ၁ - ၂ ဘာစီလိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ဘက်တစ် - | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(နိုင်) |
| ဘာစီလိုနာ - | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(နိုင်) |

နှစ်သင်းစလုံးနောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေပါတယ်။ ဘက်တစ်အသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ ခံစစ်ပိုင်းက စိတ်မချရလို့ ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းကွာခြားမှုမရှိပေမဲ့ တိုက်စစ်ပိုင်း ပိုမိုအားကောင်းတဲ့ ဘာစီလိုနာအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဘက်တစ် ၁ - ၂ ဘာစီလိုနာ**

# ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းမှာ မင်္ဂလာဖြစ်သည်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသတင်းကို ရုပ်မြင်သံကြားတွင် တွေ့မြင်လိုက်ရသည်မှာ လွန်စွာကြည်နူးဖွယ် ကောင်းလှသည်။

စာရေးသူတို့၏အသက်အရွယ်အရ လွတ်လပ်ရေးရပြီးနောက်ပိုင်း အချိန်ကာလများကို ကိုယ်တွေ့ဖြတ်သန်းလာခဲ့ရာ ချီးမြှင့်ထိုက်သူကိုချီးမြှင့်ခြင်း၊ ဂုဏ်ပြုထိုက်သူကိုဂုဏ်ပြုခြင်းမှာ လွန်စွာကောင်းမွန်သော ဆောင်ရွက်မှုဖြစ်သည်။ မင်္ဂလာတရားတော်နှင့်လည်း ညီညွတ်လှသည်။ အဂ္ဂမဟာသီရိသုဓမ္မဘွဲ့နှင့် အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိသည့် နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဦးနု(ကိုယ်စား) သမီးဒေါ်သန်းသန်းနုကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခြင်း၊ အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိသည့် နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဦးနေဝင်း(ကိုယ်စား)သမီး ဒေါက်တာခင်စန္ဒာဝင်းကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်ခြင်း၊ အဂ္ဂမဟာသီရိသုဓမ္မဘွဲ့နှင့် အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိသည့် နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဗိုလ်ချုပ်မှူးကြီးစောမောင် (ကိုယ်စား) သား ဦးသီဟစောအား ဂုဏ်ထူးဆောင်ဘွဲ့များပေးအပ်ခြင်း စသည်ဖြင့်သတင်းတွင် မြင်တွေ့လိုက်ရသည်မှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပေသည်။

မြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်လာခဲ့ကြသည့် သမိုင်းကြောင်းအစဉ်အလာကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၁၉ ရာစုတွင် နယ်ချဲ့ကျူးကျော်သူများ၏ မတရားစစ်ပွဲဆင်နွှဲမှုကြောင့် ကိုလိုနီနိုင်ငံအဖြစ်သို့ သက်ဆင်းခဲ့ရသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့တွင် အဘက်ဘက်က ဖိနှိပ်ချုပ်ချယ်ခြင်းခံခဲ့ရပြီး သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်ခဲ့သည့် တိုင်းရင်းသားအချင်းချင်းကို သွေးကွဲအောင်ဖန်တီးခဲ့သည်။ လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် ရဟန်းရှင်လူပြည်သူအပေါင်းတို့ နည်းလမ်းမျိုးစုံဖြင့်တိုက်ပွဲဝင်ခဲ့ကြသည်။ နောက်ဆုံးတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်ဦးဆောင်ကာ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ဖွဲ့စည်းနိုင်ခဲ့သည်မှအစပြု၍ မြန်မာ့လွတ်လပ်ရေးရောင်ခြည်ဦးကို မြင်တွေ့ကြရသည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲကြသူအပေါင်းသည် ပြည်သူတစ်ရပ်လုံး၏ကျေးဇူးရှင်များဟု ဆိုနိုင်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရရှိရန်လက်တစ်ကမ်းအလိုတွင် ကျဆုံးခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးကို ဦးဆောင်ခဲ့ရသည်မှာ သခင်နုဖြစ်သည်။ နု-အက်တလီစာချုပ်ဖြင့် လွတ်လပ်ရေးကိုရယူပေးခဲ့ပြီး ပထမဆုံးမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဦးနေဝင်းမှာ ရဲဘော်သုံးကျိပ်ဝင်တစ်ဦးဖြစ်ပြီး ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိ တော်လှန်ရေးကောင်စီအစိုးရ၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရတို့ကို ဦးဆောင်ခဲ့သူဖြစ်သည်။

ဝန်ကြီးချုပ်(ငြိမ်း) ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ၁၉၈၈ ခုနှစ်မှစတင်ကာ တိုင်းပြည်ကိုဦးဆောင်ခဲ့ရသူဖြစ်သည်။ ၁၉၈၈ ခုနှစ်ကာလသည် နိုင်ငံအတွက် လွန်စွာအခြေအနေ အဆိုးရွားဆုံးကာလဖြစ်သည်။ ပြည်ပက သွေးထိုးနှောင့်ယှက်မှု အားကောင်းခြင်းကြောင့် အစိုးရယန္တရားတစ်ခုလုံး ပျက်စီးသွားခဲ့ပြီး တပ်မတော်က နိုင်ငံတော်ကို ကယ်တင်ခဲ့ရသည်။ တပ်မတော်သည် တစ်ပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေး စတင်ဦးဆောင်ပေးခဲ့သူဖြစ်သည်။ ခေတ်တစ်ခေတ်၊ စနစ်တစ်ခုကို ဦးဆောင်ရသည်မှာ လွန်စွာခက်ခဲသော လုပ်ငန်းဆောင်တာဖြစ်သည်။ အခြားသော ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ခံရသူအပေါင်း၏ စွမ်းဆောင်မှုများမှာလည်း ရေးပြ၍ မကုန်နိုင်သော စွမ်းဆောင်မှုများရှိသည်။

ထိုသို့ နိုင်ငံတော်လွတ်လပ်ရေးအတွက် ဘိုးဘေးဘီဘင်တို့က အားကြိုးမာန်တက် လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့ကြသည့်အတွက် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးပြန်လည်ရရှိခဲ့သည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့ထိ အသက်ခန္ဓာနှင့် သွေး၊ ချွေးများကိုပေးဆပ်ပြီး ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကဏ္ဍများတွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာစွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့်အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။

**❖ ၁၉၈၈ ခုနှစ်ကာလသည် နိုင်ငံအတွက် လွန်စွာအခြေအနေ အဆိုးရွားဆုံးကာလဖြစ်သည်။ ပြည်ပက သွေးထိုးနှောင့်ယှက်မှု အားကောင်းခြင်းကြောင့် အစိုးရယန္တရားတစ်ခုလုံး ပျက်စီးသွားခဲ့ပြီး တပ်မတော်က နိုင်ငံတော်ကို ကယ်တင်ခဲ့ရသည်။ တပ်မတော်သည် တစ်ပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေး စတင်ဦးဆောင်ပေးခဲ့သူဖြစ်သည်။ ခေတ်တစ်ခေတ်၊ စနစ်တစ်ခုကို ဦးဆောင်ရသည်မှာ လွန်စွာခက်ခဲသော လုပ်ငန်းဆောင်တာဖြစ်သည်။ အခြားသော ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခံရသူအပေါင်း၏ စွမ်းဆောင်မှုများမှာလည်း ရေးပြ၍ မကုန်နိုင်သော စွမ်းဆောင်မှုများရှိသည်။ ❖**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် ပထမနေ့အခမ်းအနားတွင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ရရှိသူ သုံးဦး၊ သတိုးသီရိသုဓမ္မဘွဲ့ရရှိသူ တစ်ဦး၊ အဂ္ဂမဟာသရေစည်သူဘွဲ့ ရရှိသူလေးဦး၊ သတိုးမဟာသရေစည်သူဘွဲ့ ရရှိသူ နှစ်ဦး၊ မဟာသရေစည်သူဘွဲ့ရရှိသူ ခြောက်ဦး၊ သရေစည်သူဘွဲ့ရရှိသူ ၁၁ ဦး၊ စည်သူဘွဲ့ရရှိသူ ၇၈ ဦး၊ သီဟသူရဘွဲ့ရရှိသူ တစ်ဦး၊ သူရဘွဲ့ရရှိသူ လေးဦး၊ ဝေယျကျော်ထင်ဘွဲ့ရရှိသူ ဦးရေ ၅၀၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ(သံအမတ်ကြီးများ) ၂၈ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ(အကြံပေးပုဂ္ဂိုလ်) ရှစ်ဦးတို့ကို တစ်ဦးချင်း လက်ရောက်ချီးမြှင့်ခဲ့သည်။

ဇန်နဝါရီ ၂ ရက် ဒုတိယနေ့ နံနက်ပိုင်းတွင် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီရိပျံချီဘွဲ့ရရှိသူ ၁၆၈ ဦးနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၂၁ ဦးတို့ကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၃၂ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၁၈ ဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူငါးဦး တို့ကိုလည်းကောင်း တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် "ယခုရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များသည် မိမိတို့ ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသောဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံခဲ့ရသော သင်္ကေတအမှတ်အသားတစ်ခုဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်းမပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်းနှင့် နိုင်ငံတော်နှင့်ပြည်သူများကိုယ်စား လေးစားဂုဏ်ယူပါကြောင်း အလေးအနက် ပြောကြားလိုပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းမှာ နိုင်ငံတော်အတွက်အစဉ်အလာ ကောင်းတစ်ရပ်ဖြစ်သလို မြန်မာ့ယဉ်ကျေးမှုအရ မင်္ဂလာတရားနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူများ၏ နိုင်ငံ့ကောင်းကျိုးဆောင်ရွက်ချက်များကို မျိုးဆက်သစ်တို့က စံနမူနာယူကာ လိုက်နာကျင့်သုံးကြရမည်ဖြစ်သကဲ့သို့ အနာဂတ်ကာလတွင်လည်း နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်ကို ကျေပွန်စွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၃၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူနှစ်ဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၃၉ ဦး တို့ကို ပေးအပ်ချီးမြှင့်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်စား သက်ဆိုင်ရာတိုင်းမှူးများက ရဲဗလတံဆိပ်ရရှိသူ ၁၈၁ ဦး၊ စီမံထူးချွန်တံဆိပ်ရရှိသူဦးရေ ၁၁၀၊ လူမှုထူးချွန်တံဆိပ်ရရှိသူ ၁၂ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်ရရှိသူ လေးဦး၊ ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်ရရှိသူ ၁၀ ဦး၊ သိပ္ပံပညာထူးချွန်တံဆိပ်ရရှိသူ လေးဦး၊ ဆေးပညာထူးချွန်တံဆိပ်ရရှိသူ တစ်ဦးနှင့် နည်းပညာထူးချွန်တံဆိပ်ရရှိသူ ၇၄ ဦး တို့ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၃၆ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၀၄ ဦးတို့ကိုလည်းကောင်း တစ်ချိန်တည်း တစ်ပြိုင်တည်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

တပ်မတော်တွင် စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်ရရှိသူများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ အောင်ဆန်းသူရိယဘွဲ့ရရှိသူ ခြောက်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၅၁ ဦး၊ သူရဘွဲ့ရရှိသူ ၅၅၄ ဦး၊ သီဟဗလတံဆိပ်ရရှိသူ ခြောက်ဦး၊ သူရဲကောင်းမှတ်တမ်းဝင်ရရှိသူ ဦးရေ ၁၈၆၀၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဦးရေ ၂၀၅၀၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၃၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၁၂၅ ဦး၊ စစ်သေနာပတိချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ကိုးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂၃၅၁ ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ကပေးအပ်လာသော တာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ကျေကျေပွန်ပွန်ထမ်းဆောင်သူများဖြစ်ကြသည့်အတွက် သက်ဆိုင်ရာဘွဲ့တံဆိပ်အသီးသီးချီးမြှင့်ခြင်းမှာ ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုခြင်းဖြစ်သည်။ စွမ်းအားဆိုသည်မှာ လုပ်ကိုင်ဆောင်ရွက်နိုင်သော အင်အားဖြစ်သည့်အတွက် လက်ရုံးရည်ဟုဆိုနိုင်သည်။ စွမ်းရည်ဆိုသည်မှာ လုပ်ကိုင်ဆောင်ရွက်နိုင်သော အရည်အချင်းဖြစ်သည့်အတွက် နှလုံးရည်ဟုဆိုနိုင်သည်။ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် လက်ရုံးရည်နှလုံးရည်ရှိပြီး မိမိ၏အသက်ကိုမငဲ့ဘဲ ပေးဆပ်ရဲ၊ စွန့်လွှတ်စွန့်စားရဲသူ၊ ရဲဘော်ရဲဘက်စိတ်တို့အပြင် မှန်ကန်သည့်ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့သည့်အပေါ် နိုင်ငံတော်နှင့် တပ်မတော်က အသိအမှတ်ပြုချီးမြှင့်ခြင်းပြုသည့် သီဟသူရဘွဲ့ရရှိသူ တစ်ဦး၊ သူရဘွဲ့ရရှိသူ လေးဦးတို့ကိုလည်း တွေ့မြင်ရသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေးတွင် နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှုရှိနေကြရမည်ဖြစ်သည်။ အထူးသဖြင့် ပြည်ပကဝင်ရောက်စွက်ဖက်ပြီး သူတို့အလိုကျ ပုံသွင်းခြင်းမျိုး ကင်းရှင်းရမည်ဖြစ်သည်။ မြန်မာ့နိုင်ငံရေးကို ပြန်ပြောင်းလေ့လာတိုင်း ပြည်ပက သွေးထိုးလှုံ့ဆော်နှောင့်ယှက်မှုများ အစဉ်မပြတ်နီးပါး ရှိနေသည်ကို သတိမူသင့်လှသည်။ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးမှာ ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သည်။

**အာကာမောင်မောင်**

# သရုပ်ဆောင် ပပဝင်းခင် မိသားစုက မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်တွင် နေ့ဆွမ်းဆက်ကပ်



**ရန်ကုန် ဇန်နဝါရီ ၁၀**

သရုပ်ဆောင် ပပဝင်းခင် မိသားစုက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ်တွင် နေ့ဆွမ်း ဆက်ကပ်ခြင်းကို ဇန်နဝါရီ ၉ ရက်က အဆိုပါကျောင်းတိုက်သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ပပဝင်းခင် မိသားစုသည် ဗဟန်းမြို့နယ် ရေတာရှည်လမ်း မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ်တွင် သီတင်းသုံး တော်မူကြသည့် သံဃာတော်နှင့် သာမဏေအပါး ၁၀၀ ကျော်တို့အား နေ့ဆွမ်းဆက်ကပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီကျောင်းမှာကျတော့ ရာသက်ပန်အလှူရှင်တွေက အပြည့်ပဲ။ ဆွမ်းကပ်ဖို့ရက်က ရခဲတယ်။ မိဘတွေကိုလဲ ကုသိုလ်ရစေချင်တယ်။ လှူချင်တာကတော့ မွေးနေ့မှာ လှူချင်တာ။ ဒါပေမဲ့ မွေးနေ့က ကျော်သွားပြီ။ ဒီကျောင်းမှာလဲ လှူချင်တာနဲ့ လှူဒါန်းဖြစ်သွားတာပါ"ဟု သရုပ်ဆောင် ပပဝင်းခင်က ပြောပြသည်။

သရုပ်ဆောင် ပပဝင်းခင်သည် မိသားစု စီးပွားရေးလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်ရန်နှင့် ပညာရေးခရီးဆက်လက် လျှောက်လှမ်းရန်အတွက် ၂၀၁၈ ခုနှစ်ကတည်းက အနုပညာအလုပ်များ ရပ်နားထားပြီး ယခုနှစ်တွင် ကြော်ငြာတချို့ကို လက်ခံရိုက်ကူးပေးနေကြောင်း သိရသည်။

ASH


# ဗဟန်းမြို့နယ် KZL Art Studio & Gallery တွင် ပန်းချီဆရာခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ KZL Art Studio & Gallery တွင် ပန်းချီဆရာခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲကို ဇန်နဝါရီ ၁၃ ရက်မှ ဇန်နဝါရီ ၂၃ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ပန်းချီခင်ဇော်လတ်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် ပန်းချီ စောစတီးဖ၊ ပန်းချီ ပန်းကြည်၊ ပန်းချီ နီပိုဦး၊ ပန်းချီ သက်မွန်၊ ပန်းချီ မွန်သက်၊ ပန်းချီ ဥမ္မာ၊ ပန်းချီ ခင်ဇော်လတ်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၃၅ ကားကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ပန်းချီဆရာ ခုနစ်ယောက်ရဲ့ လက်ရာစုံပန်းချီကား ၃၅ ကားကို ပြသမှာဖြစ်ပါတယ်။ ပြည်တွင်းရော ပြည်ပမှာပါ ဈေးကွက်ရထားတဲ့ ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေကို တစ်စုတစ်စည်းထဲ ပြသထားမှာဖြစ်တဲ့အတွက် ဝါသနာရှင်တွေ၊ စုဆောင်းသူတွေအတွက် ကျေနပ်မှုရမယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့် နိုင်ငံတကာဆုတွေရထားတဲ့ ပန်းချီပန်းကြည်၊ ပန်းချီမွန်သက်နဲ့ ပန်းချီနီပိုဦးတို့ရဲ့ လတ်တလောရေးဆွဲထားတဲ့ ပန်းချီကားအသစ်တွေကို မြင်ရမှာဖြစ်ပါတယ်"ဟု ပန်းချီ ခင်ဇော်လတ်က ပြောပြသည်။



အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ်သိန်း ၂၀ ထိ ရှိကြောင်း သိရသည်။

ASH

# ဘီးလင်းမြို့နယ် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီးဝင်းအတွင်း၌ သုဝဏ္ဏဘူမိဂဝံယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်

**ဘီးလင်း ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာရှိ ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီးဝင်းအတွင်း၌ သုဝဏ္ဏဘူမိဂဝံယဉ်ကျေးမှုပြတိုက်ကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သုဝဏ္ဏဘူမိဂဝံယဉ်ကျေးမှုသုတေသနပြတိုက်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး သီလရှင်ဆရာလေး ဒေါ်ကုဏ္ဍလက ပြောပြ၍ သိရသည်။

သုဝဏ္ဏဘူမိ ဂဝံယဉ်ကျေးမှုပြတိုက်ကို ကျိုက်ထီးဆောင်း ဒုတိယဒီပဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာန်းမြိမ်းချမ်းရေးဂုဏ်ထူးဆောင်ပါရဂူ ဒေါက်တာ ဘဒ္ဒန္တနာဂဒီပနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဂဝံယဉ်ကျေးမှုပြတိုက်အတွင်း ပြသထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဆရာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ခဲ့ကြကြောင်း သိရသည်။

"ပြတိုက်အနေနဲ့ ၁၉၅၀ ပြည့်နှစ်လောက်ကတည်းက အစပျိုးထားတာတော့ ကြာခဲ့ပါပြီ။ အခုပြတိုက်တစ်ခုအနေနဲ့ သူရဲ့အင်္ဂါရပ်တွေ ညီညွတ်အောင်ပြင်ဆင်ပြီးတော့ ဖွင့်လှစ်လိုက်တာဖြစ်ပါတယ်။ ပြတိုက်မှာက အမြဲလိုလို ဂဝံနဲ့ပတ်သက်တဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေ လာလှူကြတဲ့သူတွေရှိတယ်။ ဂဝံမဟုတ်ပေမဲ့ ရှေးမွန်လက်ရာ ဗုဒ္ဓရုပ်ပွားတော်တွေလဲ ဒီမှာလာပြီးတော့ လှူထားတာ၊ စုဆောင်းထားတာတွေ ရှိပါတယ်။ ဂဝံနဲ့ပတ်သက်ရင် ကျိုက်ထီးဆောင်းကတော့ သုတေသီတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ တော်တော်များများ စာတမ်းအတွက် လာလေ့ကြတာများပါတယ်။ ဒီမှာက ဂဝံနဲ့တည်ဆောက်တဲ့ အဆောက်အအုံတွေကရရှိထားတဲ့ ဂဝံအုတ်ချပ်တွေ၊ ဂဝံနဲ့ထုဆစ်ထားတဲ့ ရုပ်လုံးရုပ်ကြွတွေ၊ လေ့လာနိုင်ပါတယ်"ဟု သီလရှင်ဆရာလေး ဒေါ်ကုဏ္ဍလက ပြောပြသည်။

သုဝဏ္ဏဘူမိ ဂဝံယဉ်ကျေးမှုသုတေသနပြတိုက်တွင် ကျိုက်ထီးဆောင်းဆရာတော်ကြီး သီတင်းသုံးစဉ် ရှာဖွေတွေ့ရှိခဲ့သည့်ရှေးဟောင်းဂဝံလက်ရာ ဂဝံကျောက်ထီးတော်၊ ဂဝံကျောက်ပလ္လင်တော် အပါအဝင် ရှေးဟောင်းဂဝံလက်ရာ ရုပ်လုံးရုပ်ကြွများ၊ အခြားဂဝံလက်ရာများ၊ သုဝဏ္ဏဘူမိမြို့ဟောင်းမှရရှိသည့် ရှေးဟောင်းမွန်လက်ရာ ကျွန်းဖိုသား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ပြသထားကြောင်း သိရသည်။

ASH

# Crouching Tiger Hidden Dragon ဇာတ်ကားကို ဖေဖော်ဝါရီလတွင် ပြန်လည်ရုံတင်ပြသရန် စီစဉ်ထား

**နယူးယောက် ဇန်နဝါရီ ၁၀**

ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သည့် Crouching Tiger Hidden Dragon ဇာတ်ကားကို လာမည့်ဖေဖော်ဝါရီလတွင် ပြန်လည်ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Crouching Tiger Hidden Dragonဇာတ်ကားသည် အထူးပြုလုပ်ချက်များနှင့် ဆန်းပြားသည့် ဇာတ်လမ်းတို့ကြောင့် ဂန္ထဝင် ဟောလိဝုဒ်ဇာတ်ကားဖြစ်ခဲ့သည်။

ကမ္ဘာကျော် တရုတ်ဒါရိုက်တာ အန်းလီရိုက်ကူးခဲ့သည့် Crouching Tiger Hidden Dragon ဇာတ်ကားသည် ဟောလိဝုဒ်ရုပ်ရှင်လောက၏ နိုင်ငံတကာဝင်ငွေအကောင်းဆုံး နိုင်ငံခြားဘာသာစကားပြောရုပ်ရှင်ဇာတ်ကားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါဇာတ်ကားကို ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ အမေရိကန်နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ပြန်လည်ရုံတင်ပြသမည်ဖြစ်ကြောင်း ဆိုနီရုပ်ရှင်ကုမ္ပဏီက တွစ်တာစာမျက်နှာ၌ အတည်ပြုထားကြောင်း သိရသည်။

KKO




# M3GAN ဇာတ်ကား ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၅ သန်းရှိလာ

**နယူးယောက် ဇန်နဝါရီ ၁၀**

Blumhouse နှင့် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီတို့၏ M3GAN ထိတ်လန့်သည်းဖို ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၅ သန်း ထိရှိလာပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၉ ရက်တွင် ရေးသားတင်ပြထားသည်။

M3GAN ဇာတ်ကားသည် စတင်ရုံတင်သည့် ပထမဆုံးသီတင်းပတ်ကုန်မှာပင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၃၀ နှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈ သန်းထိရရှိထားကြောင်း သိရသည်။

M3GAN ဇာတ်ကားကို ဇန်နဝါရီ ၆ ရက်တွင် စတင်ရုံတင်ခဲ့ပြီး လက်ရှိတွင် ပြည်တွင်းရုပ်ရှင်ရုံ ၃၅၀၉ ရုံတို့၌ ပြသလျက်ရှိကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျာရက်ဂျွန်စတုန်းက တာဝန်ယူရိုက်ကူးပေးခဲ့ပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၂ သန်းသာရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်ပြည်တွင်းဈေးကွက်၌ ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ရပ်တည်နေသော ရုပ်ရှင်ဇာတ်ကားမှာ ဒါရိုက်တာ ဂျိမ်းကင်မရွန်၏ Avatar: The Way of Water ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO



# Myanmar implements regional development activities in Pa'O self-administered zone in 2022-2023 FY



A newly built road in Pa'O self-administered zone.

**Nay Pyi Taw January 10**

Regional development activities are being carried out at a rapid pace in the Pa'O self-administered zone in 2022-2023 FY, according to reports of the Ministry of Border Affairs.

The Progress of Border Areas and National Races Department under the Ministry of Border Affairs has been speeding up the development of border regions in 52 townships and 168 townships operating in seven states, two regions, and six self-administered zone bordering the border regions according to the fiscal year.

Among these project works, a sum of 201.928 million kyats has been allowed to do Asphalt pavement work on two miles length of Lweput-Lytpae-Bang Naong road in Hsihseng Township.

The Ministry of Border Affairs is carrying out border development activities using 1,813.84 million kyats from union fund in 2022-2023 FY in Hopong, Hsihseng and Pinlaung townships in Pa'O self-administered zone.

After the completion of these projects, the socio-economic lives of the local people in the three villages will be further developed.

336

# California storm: Five-year-old boy swept away as residents told to flee

**California January 10**

A five-year-old has been swept away by floodwaters in California as the state's death toll from a series of storms rises to 14.

The boy and his mother were reportedly in a truck taking him to school when the vehicle was overcome by water.

Tens of thousands remain without power and mass evacuations are under way, with more cyclones to come.

People living in the elite coastal enclave of Montecito are among those ordered to leave their homes.

The neighbourhood near Santa Barbara is home to several celebrities including the Duke and Duchess of Sussex - Harry and Meghan - and Oprah Winfrey.

It is unclear if Prince Harry, who is currently promoting his memoir Spare, or his wife and children are currently in Montecito.

The boy swept away in floodwaters sparked a seven-hour search that was called off when it became too dangerous for divers, said local officials.

Bystanders pulled the mother out of the truck but saw the boy being swept out of the vehicle. His shoe was later found by rescuers.

The boy was said by his father to have been on his way to school, according to local media.

More than 100,000 people were still without power as of Monday afternoon and state officials said the death toll has risen from 12 to 14.

BBC

# Ayeyawady Region produce increased production of soft crabs year after year

**Pathein January 10**

Ayeyawady Region produces larger and larger numbers of soft crabs year by year, according to the region Fisheries Department.

Soft crab breeding is being operated on a commercial scale in Yangon, Ayeyawady and Taninthayi regions and Rakhine State to export a large volume of soft crabs to the foreign market.

Soft crab farming tasks are being undertaken in the region, especially in Labutta, Pyinsalu and Pyapon townships.

In 2021-22 fiscal year, the region produced 442.93 tons of soft crabs from 1 April 2021 to 31 March 2022. This fiscal year, from 1 April to 31 Deecmber 2022, a total of 614.115 tons of soft crabs have been produced.

Till today, production of soft crab exceeded 171.185 tons rather than that of the same period of last fiscal year.

Covid-19 outbreak hindered to production of soft crabs in the region and it resumed operation of production on 20 June 2022.

At present, Myanmar exports soft crabs to more than 40 customer countries. During the period from 1 April to 31 December 2022, Myanmar earned US$548.731 million from export of soft crabs, standing third in earnings for the State. 336



Soft crabs seen at a farm.

# Climate change: Europe and polar regions bear brunt of warming in 2022

**London January 10**

The polar regions and Europe were hit hardest by global warming in 2022, according to a new analysis.

The data from Copernicus, the EU's climate monitoring service, says 2022 was the fifth warmest year globally.

Europe experienced its warmest summer, with temperatures increasing by more than twice the global average over the past three decades, faster than any other continent.

The last eight years are now also the warmest eight yet recorded.

Last year saw a continuation of a pattern of global warming that has become the new normal, say Copernicus scientists.

While the La Niña weather event helped to cool the oceans for the third year in a row, global temperatures were still approximately 0.3C higher in 2022 than the 1991-2020 reference period.

Researchers say this means that last year was close to 1.2C above the 1850-1900 period, taken as the start of global industrialisation.

Europe and the polar regions were at the sharp end of this high heat.

Temperature records in many western European countries were broken including the UK, with summer heatwaves and intense droughts hitting many parts.

Even the normally cooler month of October in Europe was some 2C above average last year.

While the west of the continent was extremely hot, colder weather in northern and eastern countries saw the year overall drop to second warmest in Europe.

BBC

# Myanmar exports over 1,000 tons of honey earning over US$ 1 million till December in 2022-2023 FY

**Nay Pyi Taw January 10**

More than 1,000 tons of honey were exported earning more than US$ 1 million till December in 2022-2023 FY, according to reports from the Beekeeping Development Division, the Department of Beekeeping under the Livestock Breeding and Veterinary Department.

Myanmar is producing more than 10,000 tons of honey every year, and more than 2,000 tons are exported. The rest of the honey is distributed and sold for domestic consumption.

Myanmar is exporting honey to Japan, China, Thailand, Saudi Arabia, South Korea, the United States, Singapore and EU markets.

In the 2022-2023 FY, Myanmar exported honey to Japan, South Korea, the United States, Singapore and Chinese Taipei.

In foreign markets, the price of honey is about US$ 1,600 per ton. Now, not only honey, but also bee pollen has become a foreign market product. Since 2022, China has been buying bee pollen from Myanmar. 336

# MPA handled containers of ocean-liners at Yangon international ports in 2022, exceeding 80 container vessels than last year


A vast stretch of containyard at Yangon port.

**Yangon January 10**

Container vessels docked at international ports of Yangon in 2022, and Myanma Port Authority exceeded handing of 80 container vessels this year more than last year, according to the Ministry of Transport and Communications.

MPA arranges service giving to the customers in export and import measures in a convenient manner.

In this regard, MPA joins hands with Ministry of Commerce, Customs Department, relevant departments, organizations and businesspersons to enable international container carriers to dock at Yangon ports on a monthly basis.

Hence, handling of container vessels in 2022 was 80 more than that of 2022.

In 2021, a total of 1,213 container vessels docked at international ports of Yangon, compared with 1,293 container vessels in 2022, exceeding 80 container vessels.

Hence, the MPA handled some 690,000 containers at international ports of Yangon in 2021, in comparison with over 770,000 containers in 2022.

At present, container vessels, fuel tankers and general goods carriers with 10 metres deep of drought and 30,000 tons of weight can dock at international ports of Yangon safely. 336

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# US$44 million earned from prawn exports from April to December this FY

**Nay Pyi Taw January 10**

Myanmar earned more than US$44 million from exporting prawns, from 1 April to 31 December in the current 2022-2023 fiscal year, said U Nyunt Win, director of the Fisheries Department (Nay Pyi Taw).

The country's marine products go regularly to Japan, Middle East countries, EU countries, Malaysia, China Taipei and Australia. Close cooperation is going on between Myanmar Fisheries Federation and the Fisheries Department for the development of the country's marine product industry.

"From April to December this fiscal, we exported over 12,355 metric tons of prawn worth over US$44 million. The same period of last fiscal saw 10,388 metric tons so this year exceeded 1,966 metric tons. We engage in both maritime and border trade routes in exporting marine products," U Nyunt Win said.

Relevant departments are cooperating with each other in ensuring a continued supply chain of marine exports depending on market situations. Efforts are being made to ensure the marine products to be exported are free from the coronavirus.

ASH


The worksite of a prawn processing factory.

# Survey being conducted about rare Spoon-billed Sandpiper bird population in southern Myanmar

**Myeik January 10**

A survey is being conducted about a population of Spoon-billed Sandpiper, a rare bird species, roaming in the two southern places of Myanmar where migratory birders arrive every year, according to U Shein Thu Lwin from Nature Conservation Society-Myanmar (NSC).

"In those two places of Taninthayi Region, our survey is still going on. I think in early February an exact population data of those birds can come out. Among the places where migratory birds arrive, some are very important. We have prioritized two places—Myeik and Bokpyin townships. The survey is about Spoon-billed Sandpipe (SBS). The birds of that species come to Asia from Siberia region of Russia in winter. Myanmar is also part of Asia. Taking this opportunity, we are conducting the survey," said U Shein Thu Lwin.

This winter, however, fewer migratory birds are arriving in southern Myanmar. The survey is being conducted in the two prioritized places. The previous survey was conducted in the first week of January 2022. During the survey, officials concerned are educating the local people about migratory birds. There are only around 500 SBS birds. About 300 of them come to the mangrove forests of Myanmar. ASH


A rare Spoon-billed Sandpiper bird being spotted.

# A bag of maize from Ayeyawady delta increases to K32,000 in Mandalay

**Mandalay January 10**

A bag of maize coming from the Ayeyawady delta to Thiri Malar greengrocers' market in Aungmyaythazan District, Mandalay City, is getting the price of up to K32,000, according to locl market sources.

Those maize is produced from the Ayeyawady delta region and about seven or eight truckloads come to Thiri Malar greengrocery market every day. The price of one bag containing 30 viss was K22,000 to K28,000. Now the price has reached K30,000 to 32,000, said Aung wholesaler U Aung Moe Naing.

"Now, prices are good because maize is only produced by the delta region. No more hilly regions could not produce. There are very few maize growers. A truck can carry 10,000 or 12,000 bags. They also go to Yangon and Lashio. Due to difficult transport and communications plus short supply, the prices are getting good," he added.

Currently, bags of maize are coming to Mandalay market daily seeing better prices. The market is open from 4am to 8pm daily in line with the Covid disciplines.

185

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်က ယူကရိန်းအတွက် VAMPIRE Anti-Drone စနစ်ပံ့ပိုးရန် L3Harris ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆို



အမေရိကန်နိုင်ငံ L3Harris Technologies ကုမ္ပဏီသည်ယူကရိန်းသို့ Vehicle Agnostic Modular Palletized ISR Rocket Equipment (VAMPIRE) တန်ပြန်ဒရုန်းကာကွယ်ရေးစနစ် ၁၄ စုံပံ့ပိုးပေးရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၄၀ တန်စာချုပ်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

သယ်ဆောင်ရလွယ်ကူသောစနစ်သည် ယူကရိန်းတပ်ဖွဲ့များကို ဝင်ရောက်လာမည့် ရန်သူမောင်းသူမဲ့ဒရုန်းများကို ပစ်မှတ်ထားတုံ့ပြန်နိုင်စေမည်ဖြစ်ပြီး အရပ်ဘက်အခြေခံအဆောက်အအုံအတွက် ထပ်ဆောင်းအကာအကွယ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

အဆိုပါစနစ်သည် နည်းဗျူဟာမြောက် အပေါ်စား စစ်သုံးယာဉ်များကဲ့သို့သော ရန်သူ့မြေပြင်ခြိမ်းခြောက်မှုပစ်မှတ်များကိုလည်း ခုခံကာကွယ်နိုင်သည်ဟုဆိုသည်။

"ကျွန်တော်တို့အနေနဲ့ ဩဂုတ်လကတည်းက ဝယ်ယူမှု၊ စမ်းသပ်မှုနဲ့ အသိအမှတ်ပြုလက်မှတ်တွေမှာ တစ်ပါတည်း ရင်းနှီးမြှုပ်နှံ လုပ်ဆောင်ထားပြီးဖြစ်တဲ့အတွက် VAMPIRE တန်ပြန်ဒရုန်းကာကွယ်ရေးစနစ်ထုတ်လုပ်မှုကို ကြန့်ကြာမှုမရှိဘဲ စထုတ်နိုင်ပါတယ်"ဟု L3Harris မှ တာဝန်ရှိသူ Luke Savoie က ပြောကြားခဲ့သည်။

VAMPIRE စနစ်အပြင် ကုမ္ပဏီက လုပ်ရှားစစ်ကစားမှုမြင့်မားကောင်းမွန်စေရန်အတွက် စနစ်ကို ယူကရိန်းနိုင်ငံရှိ လက်ရှိအသုံးပြုနေသော စစ်ဘက်ယာဉ်များတွင်တပ်ဆင်ပေးသွားဦးမည်ဖြစ်သည်။

စာချုပ်အရ VAMPIRE စနစ် ၁၄ စုံအနက် လေးစုံကို ၂၀၂၄ ခုနှစ် နှစ်လယ်တွင် ပေးအပ်မည်ဖြစ်ပြီး ကျန်အစုံများကို လာမည့်နှစ်ကုန်တွင် ယူကရိန်းစစ်ဘက်ထံ လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။

"ယူကရိန်းပြည်သူတွေဟာ သူတို့ရဲ့နိုင်ငံနဲ့ လွတ်လပ်ရေးကို ဆက်လက်ကာကွယ်နေတာကြောင့် ယူကရိန်းပြည်သူတွေအတွက် ခိုင်မာတဲ့စွမ်းရည်နဲ့ အမေရိကန်ရဲ့ မဟာဗျူဟာမိတ်ဖက်နိုင်ငံအဖြစ် ပံ့ပိုးကူညီဖို့ ကတိကဝတ်ပြုထားပါတယ်"ဟု Savoie က ပြောကြားခဲ့သည်။

ရန်သူ့မောင်းသူမဲ့လေယာဉ်၊ ဒရုန်းများကို အဆင့်မြင့်၊ အတိအကျ တိုက်ခိုက်နိုင်သောလက်နက်စနစ်များ သို့မဟုတ် အခြားလေဆာလမ်းညွှန်ခဲယမ်းများကို တပ်ဆင်ပစ်လွှတ်နိုင်စွမ်းရှိသည်။

၎င်း၏ ရည်မှန်းချက်တာဝန်စီမံခန့်ခွဲမှုစနစ်တွင် အော်ပရေတာများ၏ ပစ်မှတ်များကို လျင်မြန်တိကျစွာတိုက်ခိုက်နိုင်စေမည့် အဆင့်မြင့်ပစ်မှတ်အာရုံခံကိရိယာကို ပေါင်းစပ်အသုံးပြုထားသည်။

**L3Harris to Supply Ukraine With VAMPIRE Anti-Drone System in $40M Deal ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားနိုင်ငံက အစ္စရေးထုတ် အဆင့်မြင့် Drone Detection System ကို ဝယ်ယူရန်စီစဉ်

တောင်ကိုရီးယားနိုင်ငံသည် အစ္စရေးနိုင်ငံထုတ် အဆင့်မြင့် Drone Detection System ဝယ်ယူရန် စီစဉ်နေကြောင်း Yonhap သတင်းအေဂျင်စီမှ ကာကွယ်ရေးသတင်းရင်းမြစ်များကို ကိုးကား၍ ဖော်ပြခဲ့သည်။

Sky Spotter ဟုအမည်ပေးထားသည့် အဆိုပါစနစ်ကိုမြောက်ကိုရီးယားနှင့်အခြားရန်ဘက်များမှ တိုက်ခိုက်လာနိုင်သော ဒရုန်းငယ်(UAV)များကို ရှာဖွေထောက်လှမ်းရန်အသုံးပြုမည်ဖြစ်သည်။

အစီရင်ခံစာအရ တောင်ကိုရီးယားစစ်ဘက်သည် တရားဝင်ဝယ်ယူရေးအတွက် လာမည့်ရက်သတ္တပတ်များအတွင်း ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဝယ်ယူမှုမလုပ်ဆောင်မီ စနစ်၏ထိရောက်မှုကို ကနဦးပြန်လည်သုံးသပ်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံ Rafael Advanced Defense Systems က တီထွင်ထားသည့် Sky Spotter သည် အကြမ်းဖက်တိုက်ခိုက်မှုအတွက်အသုံးပြုသည့် ဒရုန်းများနှင့် မိုးပျံပူဖောင်းများကို စောစီးစွာသိရှိနိုင်ပြီး ခြေရာခံခြင်းတို့ကို လုပ်ဆောင်နိုင်သည်။

ရန်သူ့မောင်းသူမဲ့ဒရုန်းများကို ရှာဖွေထောက်လှမ်းသိရှိနိုင်စွမ်း မြင့်မားကောင်းမွန်ပြီး မှားယွင်းသောအချက်ပေးနှုန်းအလွန်နည်းပါးသော Passive ကြိုတင်သတိပေးရေးစနစ်တစ်ရပ်ပါရှိသည်။

ကုမ္ပဏီ၏အဆိုအရ စနစ်သည် အလိုအလျောက်လုပ်ဆောင်ခြင်းနှင့် ပိုမိုကောင်းမွန်သော ရုပ်ထွက်ရရှိစေရေးတို့အတွက် အဆင့်မြင့် Algorithms များကိုအသုံးပြုထားသည်ဟုဆိုသည်။ Sky Spotter သည် လေကြောင်းအခြေအနေဆိုင်ရာ ကြိုတင်သတိပြုမိရန် အရေးကြီးသောစနစ်အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု Rafael က ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သောလနှောင်းပိုင်းတွင် မြောက်ကိုရီးယား UAV ငါးစင်းသည် တောင်ကိုရီးယားလေပိုင်နက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ပျံသန်းခဲ့ပြီးနောက် အဆင့်မြင့်ဒရုန်းထောက်လှမ်းမှုစနစ်ကို တောင်ကိုရီးယားနိုင်ငံက ထည့်သွင်းစဉ်းစားလာခြင်းဖြစ်သည်။ Yongsan ခရိုင်ရှိ သမ္မတရုံးအနီးတွင် ဒရုန်းတစ်စင်းသည် မပျံသန်းရဇုန်အတွင်းသို့ဝင်ရောက်လာခဲ့သည်။ ထိုသို့ ဝင်ရောက်လာမှုအပေါ် တန်ပြန်လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သဖြင့် ကာကွယ်ရေးအာဏာပိုင်များ ပြင်းပြင်းထန်ထန်ဝေဖန်ခံခဲ့ရသည်။

"ဒါဟာ မြောက်ကိုရီးယားက ငါတို့ရဲ့ လေပိုင်နက်ကိုချိုးဖောက်ပြီး ပြတ်ပြတ်သားသားရန်စလိုက်တဲ့လုပ်ရပ်ပဲ"ဟု တောင်ကိုရီးယားအရာရှိ Lee Seungo ၏ပြောကြားချက်ကို The Jerusalem Post က ထပ်ဆင့်ရေးသားဖော်ပြခဲ့ပါသည်။



**S. Korea Considers Acquiring Advanced Israeli Drone Detection System ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ကြည်းတပ်က Leonardo DRS ကုမ္ပဏီထံမှ နောက်ထပ်တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ လက်ခံရရှိမည်



Leonardo DRS ကုမ္ပဏီသည် အမေရိကန်ကြည်းတပ်သို့ နောက်ထပ် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်(C-UAS)ကိုပေးအပ်ရန် အမှာစာတစ်ရပ်လက်ခံရရှိခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် တပ်မတော်၏ အလျင်အမြန်ပေါင်းစည်းတိုက်ပွဲဝင်နိုင်စွမ်းဆိုင်ရာ ယာဉ်တင်အနိမ့်၊ အနှေး၊ အသေးစား ဒရုန်းပေါင်းစည်းတိုက်ဖျက်ရေး(M-LIDS)ပရိုဂရမ်ကို အကောင်အထည်ဖော်မှုလည်းဖြစ်သည်။

သဘောတူညီချက်အရ ကုမ္ပဏီသည် အီလက်ထရွန်နစ် စစ်ဆင်ရေးနည်းလမ်းများကိုအသုံးပြု၍ လေကြောင်းမှဝင်ရောက်လာမည့် ဒရုန်းငယ်များကို ကြားဖြတ်ဟန့်တားရန် Kinetic Defeat အရှေ့စွမ်းအင်သုံး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးယာဉ်များနှင့် ဆက်စပ်ပစ္စည်းများကို ပံ့ပိုးပေးမည်ဖြစ်သည်ဟု သိရသည်။

M-LIDS စနစ်သည် XM914 ၃၀ မီလီမီတာ Kinetic Defeat Effector Cannon အရှေ့စွမ်းအင်သုံး အမြောက်နှင့် တိကျစွာထိန်းကျောင်းပစ်ခတ်နိုင်ပြီး ပြောင်းလွယ်ပြင်လွယ် အသုံးပြုနိုင်သော Moog Inc ထုတ် ပေါင်းစည်းလက်နက်တပ်ဆင်ရေးဆုံလည်တို့ပါဝင်သည်။

ဖောက်ခွဲရေးပစ္စည်းခဲယမ်းများအစား M-LIDS တန်ပြန်မောင်းသူမဲ့ဒရုန်းစနစ်သည် အလျင်နှုန်းမြင့်မားစွာထိရောက်မှုနှင့် အဖျက်စွမ်းအားရှိသော ဖိအားလှိုင်းများဖြင့် ခြိမ်းခြောက်မှုများကို တန်ပြန်ချေမှုန်းခြင်းဖြစ်သည်။

"Leonardo DRS ကုမ္ပဏီအနေနဲ့ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ် M-LIDS အဖွဲ့ရဲ့ အဖွဲ့ဝင်ဖြစ်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပြီး ထပ်ဆောင်းယာဉ်တွေ လွှဲပြောင်းပေးအပ်ခွင့်ရလို့ ကျေးဇူးတင်ရှိပါတယ်။ ဒရုန်းတွေဟာ တိုက်ပွဲဝင်စစ်သည်တွေအတွက် အန္တရာယ်အင်မတန်များတဲ့ ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာပါတယ်"ဟု DRS Land Systems အထွေထွေမန်နေဂျာနှင့် အကြီးတန်းဒုတိယဥက္ကဋ္ဌ Aaron Hankins က ပြောကြားခဲ့သည်။

"တန်ပြန်ဒရုန်းစနစ် M-LIDS မော်တော်ယာဉ်တွေလွှဲပြောင်းပို့ဆောင်နိုင်ဖို့က ကျွန်ုပ်တို့ရဲ့ အမြင့်ဆုံးဦးစားပေးတွေထဲက တစ်ခုဖြစ်ပြီး လုပ်ငန်းအသစ်အတွက် စိတ်လှုပ်ရှားမိပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသွားသည်။

အဆိုပါသဘောတူညီချက်သည် ၂၀၂၂ ခုနှစ်တွင် M-LID ပရိုဂရမ်ကိုထောက်ပံ့ရန် DRS ကုမ္ပဏီနှင့် အမေရိကန်ကြည်းတပ်တို့ အမေရိကန်ဒေါ်လာ သန်း ၆၀ စာချုပ်ချုပ်ဆိုပြီးနောက် ထပ်မံဝယ်ယူခဲ့မှုလည်းဖြစ်သည်။ ထိုနှစ်တွင်ပင် M-LIDS စနစ်သည် အရှေ့စွမ်းအင်သုံးနှင့် အရှေ့စွမ်းအင်သုံးမဟုတ်သော တန်ပြန်မောင်းသူမဲ့ဒရုန်းတိုက်ဖျက်ရေးစွမ်းဆောင်ရည်များကို စမ်းသပ်ရန်အတွက် ယာဉ်နှစ်စီးဖြင့် သရုပ်ပြခဲ့သည်။

အဆိုပါ သရုပ်ပြသ၊ စမ်းသပ်မှုအောင်မြင်ခဲ့သည့်အတွက် အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနကို နိုင်ငံရပ်ခြားစစ်ဘက်ရောင်းချမှုများနှင့် မဟာမိတ်များထံ ပေးပို့ထောက်ပံ့ရောင်းချရန် လမ်းပွင့်သွားစေခဲ့သည်။

**US Army to Receive Additional Anti-Drone Systems From Leonardo ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ငပုတောမြို့နယ် ဂရုတ်ကောင်းမြို့တွင် ဆောင်းမြေပဲ ၃၅၉၈ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ် မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဂရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၃၅၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဂရုတ်ကောင်းမြို့တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲလျာထား ၃၅၉၈ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဆီထွက်သီးနှံမြေပဲ ၃၅၉၈ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများ အထွက်နှုန်းကောင်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းပြီး စနစ်တကျစိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ဒေသတွင်းမှာ ဆီထွက်သီးနှံမြေပဲတွေကို ပြည်သူတွေ ဆီစားသုံးမှုဖူလုံစေဖို့၊ ဘေးကင်းလုံခြုံတဲ့ဆီတွေ စားသုံးနိုင်ဖို့၊ ဒေသနဲ့ နိုင်ငံတော်ရဲ့စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ဖို့အတွက် စိုက်ပျိုးတာဖြစ်ပါတယ်။ ဆီထွက်သီးနှံမြေပဲတွေ အထွက်နှုန်းကောင်းစေဖို့ စနစ်တကျ စိုက်ပျိုးခဲ့ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံမြေပဲ ၃၅၉၈ ဧကလျာထားစိုက်ပျိုးခဲ့ပါတယ်။ ဆီထွက်သီးနှံမြေပဲတွေကို လျာထားချက်ပြည့်မီအောင် အခက်အခဲမရှိစနစ်တကျစိုက်ပျိုးနိုင်ဖို့အတွက် နည်းပညာနဲ့ စိုက်ပျိုးရေး လမ်းညွှန်ချက်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့လို့ လက်ရှိ ဆီထွက်သီးနှံမြေပဲတွေဧကအားလုံး ရာနှုန်းပြည့် အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်ခဲ့တာ ဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဂရုတ်ကောင်းမြို့တွင် ဆီထွက်သီးနှံမြေပဲများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မျိုးစေ့များနှင့်သွင်းအားစုများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများဖြစ်သည့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံမြေပဲကို တစ်ဧကချင်း အထွက်နှုန်းကောင်းစေရန်၊ စိုက်ပျိုးပြီး မြေပဲခင်းများကို ဖျက်ပိုးများ ကျရောက်မှုမရှိစေရန်၊ အရည်အသွေးကောင်း မြေပဲများထွက်ရှိလာစေရန် နည်းပညာနှင့်အသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကွမ်းလုံမြို့နယ် နောင်မွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းလုံ ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွမ်းလုံမြို့နယ် ကျေးရွာနှစ်ရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဋ္ဌမအကြိမ်မြောက်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက နောင်မွန်ကျေးရွာခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် မိသားစုဝင်ငွေ တိုးပွားစေရေးအတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ရရှိလာသောမြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်းသတ်မှတ်ချက်နှင့် ပြန်ဆပ်ရမည့်ကာလတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် စီမံကိန်းတာဝန်ခံတို့၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ကွမ်းလုံမြို့နယ် နောင်မွန်ကျေးရွာနှင့် လောက်ခိုက်ကျေးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး အတွက် ငွေကျပ် ၅၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မောင်တောမြို့နယ် ကံသာယာ(အလယ်)ကျေးရွာ၌ လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းဖွင့်လှစ်

**မောင်တော ဇန်နဝါရီ ၁၀**

မောင်တောမြို့နယ်အတွင်းရှိ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကံသာယာ(အလယ်)ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောင်တောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဦးဇောထွန်းက သင်တန်းသားများအနေဖြင့် သင်တန်းတွင် ပို့ချမည့်အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိအောင် အသုံးချနိုင်သည်ထိ လေ့လာသင်ယူကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းက သင်ထောက်ကူပစ္စည်းများကို ပေးအပ်ပြီး သင်တန်းနည်းပြဆရာက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များနှင့် သင်တန်းသားများလိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် လျှပ်စစ်ဝိုင်ယာရိန်းနှင့် ပတ်သက်သည့် ဘာသာရပ်များကို စာတွေ့လက်တွေ့ဖြင့် ဇန်နဝါရီ ၉ ရက်မှ ၂၈ ရက်ထိ ရက် ၂၀ ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ကံသာယာ(အလယ်)ကျေးရွာ၊ ကံသာယာ(အထက်)ကျေးရွာနှင့် ခရေမြိုင်ကျေးရွာတို့မှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြကြောင်း မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၀-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၄၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၈၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၈၀ |
| ခာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၀၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို "အသက်ထက်မြတ်သောဂုဏ်သိက္ခာ ဇာတ်တော်ကြီး" လေ့ကျင့်ဇာတ်တိုက်နေမှုကြည့်ရှုအားပေး




**ရန်ကုန် ဇန်နဝါရီ ၁၀**

အများပြည်သူများစိတ်အပန်းပြေစေရန်နှင့်စိတ်ခွန်အားရရှိစေရန်အတွက် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီး၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက စီစဉ်ကပြမည့် "အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီး"ဇာတ်တိုက်လေ့ကျင့်နေမှု၊ အသံပိုင်း၊ မီးပိုင်းနှင့် ဆက်တင်ပိုင်းဆိုင်ရာများကို ယနေ့နံနက်ပိုင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

"အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီး"သည် မြန်မာ့သမိုင်းတွင် ရတုရေးသားရာ၌ တံခွန်စိုက်ထူခဲ့သည့် တောင်ငူဘုရင် နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာမင်းသမီးတို့၏အချစ်ဇာတ်ကြောင်း၊ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်ဖြစ်သော်လည်း လောကဓံအနိမ့်အမြင့်၊အတက်အကျတွင် လိုက်ပါခဲ့ရသည့် ရာဇဓာတုကလျာ၏ ရင်နင့်ဖွယ်ရာဖြစ်ရပ်နှင့်အတူ ပဒေသရာဇ်များ၏ အားပြိုင်မှုမှဖြစ်ပေါ်လာသော နိုင်ငံရေး၊ စစ်ရေး၊ အခင်းအကျင်းများကို နောက်ခံလျက် စစ်ရေးစစ်ရာတွင် ရဲစွမ်းသတ္တိရှိသည်သာမက အနုသုခုမပညာတွင်လည်း လက်ရာပြောင်မြောက်ခဲ့သော နတ်သျှင်နောင်သည် မိမိတို့၏နိုင်ငံအတွင်း ပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းရာ၌ တိုင်းတစ်ပါးသားကို အကြွင်းမဲ့ယုံစား၍ ပူးပေါင်းဆောင်ရွက်မိသဖြင့် မလှပသော သမိုင်းနိဂုံးဖြင့်ဇာတ်သိမ်းရသည်ကို သမိုင်းတစ်ကွေ့၏ သတိမူစရာသင်ခန်းစာဖြစ်ရပ်တစ်ခုအနေဖြင့် တင်ဆက်ကပြရခြင်းဖြစ်သည်။

အဆိုပါဇာတ်တော်ကြီးကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သော ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီးတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းပြည်တာဝန် ထမ်းဆောင်နေကြသော တပ်မတော်သားများနှင့် မိသားစုများ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်အသီးသီးမှပါမောက္ခချုပ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများကို ဇန်နဝါရီ ၁၀ ရက်၊ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် မွန်းလွဲ ၁ နာရီမှစ၍တင်ဆက်ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး |
|---|---|
| | ရာထူး၊ဌာန |
| (က) ဦးတင်ကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန |
| (ခ) ဒေါက်တာအေးအေးဟန် | ပါမောက္ခချုပ်<br>မြင်းခြံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ယဉ်ဦးအား ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ဇန်နဝါရီ ၁၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူစုစုပေါင်း | ၆၃၃၇၂၆ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၁၆၅ ဦး |

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဇန်နဝါရီ ၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၇၉၆ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးတွင်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့သို့ နည်းပညာပိုင်းဆိုင်ရာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအကြံပြုချက်များအပေါ် စံနှုန်းသတ်မှတ်ချက်တိုးမြှင့်တောင်းခံနိုင်ရေးနှင့် ထပ်မံထုတ်ပြန်မည့် အမိန့်ညွှန်ကြားချက်များကို သတ်မှတ်ထားသည့်ကာလအတွင်း အပြီးဆောင်ရွက်ရန်၊ ငွေကြေးခဝါချမှုအန္တရာယ်များကို နားလည်သိရှိမှုတိုးတက်ကြောင်းပြသရန်၊ အသိပညာဖြန့်ဝေခြင်း၊ မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းအပါအဝင် ဟွန်ဒီလုပ်ငန်းများနှင့် ဆက်စပ်သည့် စည်းမျဉ်းများကို အကောင်အထည်ဖော်ဆောင်ရန်၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ငွေကြေးဆိုင်ရာထောက်လှမ်းရေးသတင်းအချက်အလက်များ ပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်၊ နိုင်ငံဖြတ်ကျော်ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို တရားဝင်လမ်းကြောင်းနှင့်အလွတ်သဘော (Informal)လမ်းကြောင်း နှစ်ရပ်လုံးဖြင့် ဆောင်ရွက်ရန်၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုအပေါ် ဘဏ္ဍာရေးအရ ပစ်မှတ်ထားအရေးယူမှုဆိုင်ရာ တာဝန်ဝတ္တရားများနှင့်ပတ်သက်၍အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ရှေ့ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးပြီး လာမည့် ဖေဖော်ဝါရီ ၁ ရက် မတိုင်မီ စံနှုန်းသတ်မှတ်ချက်တောင်းခံရာတွင် တိုးမြှင့်ရရှိစေရေးအတွက် ကြိုးပမ်းကြရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက အဆိုပါအကြံပြုချက်များ၏ စံနှုန်းသတ်မှတ်ချက်တိုးမြှင့်တောင်းခံရေး ကိစ္စရပ်များကိုလည်းကောင်း၊ အကောင်အထည်ဖော်ရမည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက လိုအပ်သည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှစ၍ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အားနည်းချက်များကြောင့် ထည့်သွင်းခြင်းခံရသည့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ ဆုံးရှုံးနိုင်ခြေမြင့်မားသော နိုင်ငံနှင့်ဒေသများစာရင်းမှ အမြန်ဆုံးလွတ်မြောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် ပုံမှန်အစည်းအဝေးများပြုလုပ်၍ သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်ရမည့် ကိစ္စရပ်များကို အချိန်မီပြီးစီးစေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်



**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

(၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ကျရောက်သည့် စိန်ရတုကချင်ပြည်နယ်နေ့မှသည် မိမိတို့၏ စည်းလုံးညီညွတ်မှုကို ပြသပြီး နိုင်ငံတော်နှင့် ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဝန်ထမ်းအိမ်ရာများကို ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာဒုတိယဝန်ကြီးသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဘောဂသိဒ္ဓိရပ်ကွက်ရှိ လူပျိုဆောင်နှင့် အပျိုဆောင်များ၊ ဓနသိဒ္ဓိရပ်ကွက်၊ ဗလသိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်နှင့် ပညာသိဒ္ဓိရပ်ကွက်တို့ရှိ အိမ်ထောင်သည် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများကို ရင်းနှီးစွာတွေ့ဆုံ၍ လူပျိုဆောင်ရှေ့မျက်နှာစာ လမ်းတစ်ဖက်ရှိ ချုံနွယ်များနှင့် အမှိုက်များ ရှင်းလင်းရန်၊ ရေချိုးခန်းနှင့် အိမ်သာများကို နေ့စဉ် သန့်ရှင်းရေးဆောင်ရွက်ရန်၊ လူပျိုဆောင်များတွင် ည ၁၀နာရီနောက်ပိုင်းနှင့် အပျိုဆောင်များတွင် ည ၉ နာရီနောက်ပိုင်း အဆောင်တံခါးများပိတ်ရန်၊ အိမ်ရာနှင့် အဆောင်များတွင် ဧည့်သည်များရှိက ဧည့်စာရင်းတိုင်ကြားရန်၊ ဧည့်သည်များ မှတ်ပုံတင်စာအုပ်ထားရှိရန်၊ တိုက်တာဝန်ခံ၊ ဒုတိယတိုက်တာဝန်ခံများတွင် နေထိုင်သူများ စာရင်းပြုစုထားရှိရန်၊ လျှပ်စစ်မီး ဂရုပြုသုံးစွဲရန်နှင့် လျှပ်စစ်ပလပ်ပေါက်များ ကောင်း၊ မကောင်းစစ်ဆေးပြီး မကောင်းပါက ပြုပြင်ထားရန်၊ တိုက်ပတ်ဝန်းကျင်၊ အဆောင်ပတ်ဝန်းကျင်များကို ချုံနွယ်ပိတ်ပေါင်း၊ အမှိုက်သရိုက် သန့်ရှင်းရေးများ အမြဲပြုလုပ်ရန်နှင့် အပတ်စဉ် စုပေါင်းသန့်ရှင်းရေးများပြုလုပ်ရန်၊ ခြံစည်းရိုးနှင့် ပလက်ဖောင်းကြားရှိ အပင်များကို ရှင်းလင်းထားရန်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး အလင်းဖွင့်ထားရန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၄၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၅၂၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၂၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

## တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကိုလက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကိုစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကိုဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇) (၆)မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့် ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ ဖက်စ်-၀၁- ၆၅၄၆၇၈နှင့် ကော်မရှင် website ဖြစ်သော www.mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေးဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေးချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာ ဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့် သက်ဆိုင်သောအထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သို့ပေးပို့လာသော တိုင်တန်းချက်များတွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူမပါရှိခြင်းများတွေ့ရှိနေရပါသဖြင့် တိုင်ကြားသူများအနေဖြင့် မိမိတို့၏တိုင်တန်းချက်တွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေပူးတွဲပေးပို့ပါရန်လည်း အလေးအနက်တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

☆ **ကျောဖုံးမှအဆက်**

တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးအခြေအနေအရ အဝေးရောက်လက်ခံယူသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ကိုယ်စား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကိုနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့က ဂုဏ်ထူးဆောင်ဘွဲ့များကို အဝေးရောက်လက်ခံယူသည့် ပုဂ္ဂိုလ်များရှိနေရာများသို့ ယနေ့မွန်းလွဲပိုင်းကသွားရောက်ပြီး ကာယကံရှင်၊ မိသားစုဝင်များထံ လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့သည်။

ထိုသို့ အပ်နှင်းရာတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် သီရိပျံချီဦးမောင်ကိုက သတိုးမဟာသရေစည်သူဘွဲ့ရရှိသူ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဦးမောင်မောင်ခ ကိုယ်စား ချွေးမဖြစ်သူ ဒေါ်လွင်လွင်မြင့်ထံသို့လည်းကောင်း၊ သီရိပျံချီဘွဲ့ရရှိသူ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(ငြိမ်း) အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးလှငွေ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းထံသို့လည်းကောင်း၊အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာဦးကိုလေး (ကိုလေး အင်းဝဂုဏ်ရည်)ထံသို့လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးက ဇေယျကျော်ထင်ဘွဲ့ရရှိသူ စစ်ဥပဒေချုပ်(ငြိမ်း) ဗိုလ်ချုပ်သန်းဦး ကိုယ်စား ဇနီးဖြစ်သူ ဒေါ်မြင့်သန်းထံသို့ လည်းကောင်း၊ သီရိပျံချီဘွဲ့ရရှိသူ ကရင်ရေးရာဝန်ကြီး မန်းဘဆိုင် ကိုယ်စား သားဖြစ်သူ မန်းဖုန်းဆိုင်ထံသို့ လည်းကောင်း လက်ရောက် ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကိုယ်စား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကိုက သီရိပျံချီဘွဲ့ရ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ငြိမ်း) အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးလှငွေ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းထံ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးက သီရိပျံချီဘွဲ့ရရှိသူ ကရင်ရေးရာဝန်ကြီး မန်းဘဆိုင် ကိုယ်စား သားဖြစ်သူ မန်းဖုန်းဆိုင်ထံ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးက ဇေယျကျော်ထင်ဘွဲ့ရရှိသူ စစ်ဥပဒေချုပ်(ငြိမ်း) ဗိုလ်ချုပ်သန်းဦး ကိုယ်စား ဇနီးဖြစ်သူ ဒေါ်မြင့်သန်းထံ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်အခမ်းအနားကို Multipurpose Stadium၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊တိုင်းဒေသကြီးဝန်ကြီးများ၊ တက္ကသိုလ်၊ဒီဂရီကောလိပ်တို့မှပါမောက္ခချုပ်များ၊ပါမောက္ခ(ဌာနမှူး)များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှပညာရေးမှူး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပညာရေးစုံညီပွဲတော်ကို ထူးချွန် ကျောင်းသား၊ ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။




ထို့နောက် တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ပညာရေးစုံညီပွဲတော်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူ ဘင်ခရာအဖွဲ့၏ စွမ်းဆောင်မှုပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ "ကြိုဆိုပါသည်စုံညီပွဲတော်သီချင်း"၊ကဗျာလွတ်အက၊ တစ်ပင်တိုင်အက၊ သရုပ်ဖော်အမျိုးမျိုးစွမ်းရည်ပြသခြင်းနှင့် Fitness Dance အကများဖြင့် ဖျော်ဖြေစွာ ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊တိုင်းဒေသကြီးဝန်ကြီးများ၊ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့်တာဝန်ရှိသူများက နိုင်ငံတော်နှင့် တိုင်းဒေသကြီးအဆင့်တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး အခြေခံပညာကျောင်းများ၊ကိုယ်ပိုင်ကျောင်းများနှင့် မြို့နယ်များ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်၊ ထူးချွန်ဆရာဆုရရှိကြသူ ဆရာမကြီးများ၊၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အောင်ချက် ၁၀၀ ရာခိုင်နှုန်းရရှိသော အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ၊ Mitsubishi Asean Children's Enikki Festival ကလေးသရုပ်ဖော် နေ့စဉ်မှတ်တမ်းပန်းချီပြိုင်ပွဲ၊ နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ၊ The 30 th Annual World Children's Picture Contact ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ၂၀၂၀ ပြည့်နှစ် Clean & School Awards ဆုရကျောင်း သုံးကျောင်း၊နိုင်ငံတော်အဆင့်တွင် ASEAN Quiz ပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများ၊ (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အထက်တန်း ပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသူများ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများ၊ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲဆုရရှိသူများကို ဆုတံဆိပ်များနှင့်ဂုဏ်ပြုငွေများ၊ပညာရေးစုံညီပွဲတော်တွင် ပါဝင်ကပြသီဆို ဖျော်ဖြေခဲ့သူများကို ဂုဏ်ပြုငွေများချီးမြှင့်ကြပြီး ခင်းကျင်းပြသထားသည့် ခရိုင် ၁၁ ခုမှ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ သင်ကြား၊သင်ယူမှု အထောက်အကူပြုပြခန်းများ၊ တွဲဖက်သင်ရိုးဝင်ဘာသာရပ်ဆိုင်ရာပြခန်းများ၊ သိပ္ပံလက်တွေ့ပြခန်း၊ ပထဝီဝင်ဆိုင်ရာပြခန်း၊ မာတိမိဒီယာပြခန်းနှင့် နည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်တည်ထောင်ခြင်း ၂၄ နှစ်ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပ



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်တို့ မြိတ်တက္ကသိုလ်တည်ထောင်ခြင်း ၂၄ နှစ်ပြည့် ဈေးရောင်းပွဲတော်အတွင်း ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်တည်ထောင်ခြင်း ၂၄ နှစ်ပြည့် အထိမ်းအမှတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ပင်မဆောင်ရင်ပြင်၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်၏ ရှေ့လုပ်ငန်းစဉ်များကို အသီးသီးဆွေးနွေးပြောကြားကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြိတ်တက္ကသိုလ်ဌာနပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကိုလည်းကောင်း၊ ဈေးရောင်းပွဲတော်တွင် ဌာနလိုက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများ ရောင်းချနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး

အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။


# ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမအသီးသီး၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ တင်ပြချက်များကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ အသီးသီး ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မရမ်းကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

# တရားမဝင်သစ်မျိုးစုံ၊ ရေနံစိမ်း၊ စက်ဆီ၊ ချောဆီ၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ









**နေပြည်တော် ဇန်နဝါရီ ၁၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောက်မြို့နယ်အတွင်း၌ တရားမဝင်ရေနံစိမ်း ၁၇၂ ဂါလန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၆၀၀၀ နှင့် အဆိုပါရေနံစိမ်းအိတ်များ တင်ဆောင်လာသည့် ဆိုင်ကယ်လေးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၀၀၀ ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ နတ်မောက်မြို့နယ်အတွင်း၌ Zhineng Wave 100 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ် မကွေး-တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ် ၃၁၈/၅ နှင့် ၃၁၈/၆ အကြားတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင်ပျဉ်းကတိုးခွဲသား ၈ ဒသမ ၂၉၁၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၅၆၀၀ နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၈၁၆၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့ နမ့်အွမ်ကျေးရွာနှင့် ကောင်းခါးကျေးရွာအကြား မိုင်တိုင်အမှတ် ၁၆၅/၁ အနီး ပြည်ထောင်စုလမ်းမကြီးတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးများ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၇၃၄၀၀၊ Kenbo အမျိုးအစား ဆိုင်ကယ်လေးစီးနှင့် Canda အမျိုးအစား ဆိုင်ကယ်ခြောက်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၇၃၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော Balmerol အမှတ်တံဆိပ် စက်ဆီ၊ ချောဆီ ကီလိုဂရမ် ၂၀၀၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၉၃၉၂၀ ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော အထည်အလိပ်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၈၇၈၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၂၇၀၀ ကို သိမ်းဆည်းရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၄၉ ဒသမ ၉၉၇၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၅၁၄၆၀ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၅၉၁၆၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများအတွက် ဆက်သွယ်မေးမြန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပါသဖြင့် ပြိုင်ပွဲဖိတ်ခေါ်စာအား နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ စီမံကိန်းဌာန ဖုန်းနံပါတ် ၀၆၇ ၃၄၀၁၇၄၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"KLNAအဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ကြဲချဖောက်ခွဲ"** ခေါင်းစဉ်ဖြင့် ၁၁-၁-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **" PDF အမည်ခံ အကြမ်းဖက်သမားများက ပုလဲမြို့နယ် စီးဖြူကုန်းကျေးရွာအနီးသို့ Drop Bomb များ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် သုံးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မကျီးတန်းအရှေ့မြောက်ရပ်ကွက်နေ သန္တာအောင်(ခ)ဝဏ္ဏလှိုင်သည် ၎င်းအသုံးပြုသည့် "@thandar aung ၈၁၆" Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုလျှော့ချနိုင်ရေး Danone Group ကို ပြင်သစ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက တရားစွဲဆိုရန်စီစဉ်



**ပဲရစ် ဇန်နဝါရီ ၁၀**

ပြင်သစ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက တစ်ခါသုံးပလတ်စတစ် သုံးစွဲမှုလျှော့ချပေးနိုင်ရေး ပြင်သစ်အခြေစိုက် Danone Group ကို တရားစွဲဆိုမှုများ ပြုလုပ်သွားရန် စီစဉ်နေကြောင်း French24 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက စုဖွဲ့ကာ Danone Group ကို ပဲရစ်တရားရုံးချုပ်တွင် တရားစွဲဆိုရန် ပြင်ဆင်နေခြင်းဖြစ်ပြီး ပြင်သစ်နိုင်ငံတွင် ၂၀၁၇ ခုနှစ်က ပြဋ္ဌာန်းထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေပုဒ်မဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း တရားစွဲဆိုမှုကို တရားရုံးက လက်ခံရန် ခက်ခဲနေသည့် အခြေအနေဖြစ်နေပြီး Danone Group ကို တရားစွဲဆိုသွားမည့်အမှုကိစ္စမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများကို တရားစွဲဆိုမှုမျိုးဖြင့် မတူသည့်အတွက် ခက်ခဲဖွယ်ရှိနေသည်။ Danone Group ဘက်မှသာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများနှင့်အညီ တစ်ခါသုံးပလတ်စတစ်ကို သုံးစွဲနိုင်ရေး ပြင်ဆင်ဆောင်ရွက်နိုင်မည်ဆိုပါက တရားဥပဒေလမ်းကြောင်းပေါ်မှ ရင်ဆိုင်မည့်အရေးကို ရပ်ဆိုင်းသွားဖွယ်ရှိနေကြောင်း ပြင်သစ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းဖြစ်သည့် Surfrider Foundation Europe က ထုတ်ပြန်ခဲ့သည်။

"Danone Group ဘက်ကသာ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနဲ့ပတ်သက်ပြီး ခိုင်မာတဲ့ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲပေးနိုင်မယ်ဆိုရင် တရားဥပဒေလမ်းကြောင်းပေါ်ကနေ ရင်ဆိုင်တာမျိုးမလုပ်ပါဘူး။ အရေးကြီးဆုံးကတော့ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုလျှော့ချပေးနိုင်ရေးမှာ ပါဝင်လာဖို့ပါပဲ"ဟု Surfrider Foundation Europe အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အန်တီဒီယာက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# နယူးဇီလန်နိုင်ငံ မြောက်ကျွန်းတွင် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**ဝယ်လင်တန် ဇန်နဝါရီ ၁၀**

နယူးဇီလန်နိုင်ငံ မြောက်ကျွန်းတွင် ဇန်နဝါရီ ၈ ရက်က မိုးသက်လေပြင်း ကျရောက်ခဲ့ပြီးနောက် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း နယူးဇီလန် အာဏာပိုင်အဖွဲ့အစည်းက ဇန်နဝါရီ ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု RNZ သတင်းဌာနက ဇန်နဝါရီ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်သည့်အတွက် မလိုအပ်ဘဲ မော်တော်ယာဉ်များဖြင့်သွားလာခြင်းကို ရှောင်ကြဉ်ရန် ဝါကာကိုတာဟိုင်သယ်ယူပို့ဆောင်ရေးအေဂျင်စီက သတိပေးချက် ထုတ်ပြန်ခဲ့သည်။ ဝါကာကိုတာဟိုင်သယ်ယူပို့ဆောင်ရေးအေဂျင်စီက အများပြည်သူများ မော်တော်ယာဉ်ဖြင့် သွားလာလှုပ်ရှားရာတွင် ဘေးကင်းစေရေးအတွက် ကန့်ထရိုက်တာများကို လမ်းပန်းဆက်သွယ်မှုလုံခြုံရေးအစီအစဉ်များဖြင့် ပြင်ဆင်ဆောင်ရွက်ထားရန် ညွှန်ကြားခဲ့သည်။

"မိုးသက်လေပြင်း ကျရောက်နေတဲ့အတွက် မြောက်ကျွန်းမှာလမ်းပန်းဆက်သွယ်ရေး လုံခြုံမှုရှိစေဖို့ လမ်းကန့်ထရိုက်တာတွေလိုအပ်တဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်တွေဆောင်ရွက်ပေးဖို့ ညွှန်ကြားထားပါတယ်။ အများပြည်သူ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ဖို့၊ မလိုလားအပ်တဲ့ ယာဉ်မတော်တဆမှုတွေမဖြစ်ဖို့ ဦးစားပေးပြီး ဆောင်ရွက်သွားဖို့လဲ ကန့်ထရိုက်တာတွေကို ညွှန်ကြားထားပြီးဖြစ်ပါတယ်"ဟု ဝါကာကိုတာဟိုင်သယ်ယူပို့ဆောင်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဂျက်လင်းဟန်ကင်က ပြောကြားခဲ့သည်။



မြောက်ကျွန်းအရှေ့ဘက်ပိုင်းနှင့် အော့ကလန်မြို့ကြား မိုးရေချိန်မြင့်မားနေသည့်အတွက် လာမည့် ၄၈ နာရီအတွင်း ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်း ကယ်ဆယ်ရေးဝန်ထမ်းများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်လည်း မြောက်ကျွန်းအာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားထားပြီးဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ပေါ်တူဂီနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုအခြေအနေ လျော့ကျလာ

**လစ္စဘွန်း ဇန်နဝါရီ ၁၀**

ပေါ်တူဂီနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးခေါင်ရေရှားပါးသည့် ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစ၍ မိုးခေါင်ရေရှားပါးမှုအခြေအနေလျော့ကျလာပြီဖြစ်ကြောင်း ပေါ်တူဂီလေထုပတ်ဝန်းကျင်နှင့် ပင်လယ်ဆိုင်ရာအင်စတီကျု(IPMA)က ဇန်နဝါရီ ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု Bulletin သတင်းဌာနက ဇန်နဝါရီ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလပထမပတ်မှ ဒီဇင်ဘာ ၃၀ ရက်ထိ မိုးခေါင်ရေရှားပါးမှုအခြေအနေ ဆိုးရွားခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် မိုးခေါင်ရေရှားပါးမှုအခြေအနေစတင်လျော့ကျလာကာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင်မူ မိုးခေါင်ရေရှားပါးမှုမှာ သိသိသာသာကျဆင်းလာခဲ့ကြောင်း၊ IPMA မှ သုတေသီများက ပေါ်တူဂီနိုင်ငံအတွင်း မိုးခေါင်ရေရှားပါးမှုအခြေအနေကို အချိန်ပြည့် စောင့်ကြည့်လျက်ရှိနေပြီး ပြောင်းလဲမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

"၂၀၂၂ ခုနှစ် ဒီဇင်ဘာလဟာ ၉၂ နှစ်တာကာလအတွင်း အဆိုးရွားဆုံးအပူချိန်မြင့်တက်မှုနဲ့ရင်ဆိုင်ခဲ့ပြီး မိုးခေါင်ရေရှားပါးမှု အခြေအနေမြင့်တက်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မိုးခေါင်ရေရှားပါးမှု ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒီဇင်ဘာလအတွင်း လေထုအပူချိန်မှာ ၁၅ ဒသမ ၈၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့တယ်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကနေစတင်ပြီး လေထုအပူချိန်တွေ လျော့ကျလာခဲ့သလို မြေအောက်ရေထွက်ရှိမှုပမာဏကလဲ သိသိသာသာမြင့်တက်လာခဲ့တယ်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မိုးခေါင်ရေရှားပါးမှု ဖြစ်ပေါ်လာခဲ့ပေမဲ့လဲ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာတော့ မိုးခေါင်ရေရှားပါးတဲ့ ပြဿနာနဲ့ရင်ဆိုင်ခဲ့ရတဲ့ ဧရိယာဟာ နိုင်ငံဧရိယာရဲ့ ၆ ဒသမ ၅ ရာခိုင်နှုန်းလောက်ပဲ ကျန်တော့တယ်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလထဲမှာလဲ မိုးခေါင်ရေရှားပါးမှုအခြေအနေက သိသိသာသာကျဆင်းလာခဲ့တယ်"ဟု ပေါ်တူဂီလေထုပတ်ဝန်းကျင်နှင့် ပင်လယ်ဆိုင်ရာ အင်စတီကျု(IPMA)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။




၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။




၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။






၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



0w Kv d @

# စိတ်စေတနာ

လွန်းနှင်းဆီခိုင်



(၁)

"အမေရယ် အမေ သမီးတို့ရွာကိုလာမယ်ဆိုရင် ဒေါ်လေးခင်တို့ဆီက အဝတ်အစားအဟောင်းလေးတွေကိုတောင်းလာပေးပါနော်။ သမီးတို့ရွာက တောင်သူယာလုပ်ဆိုတော့ နေပူစပ်ခါးထဲမှာ အလုပ်အကြမ်းလုပ်ရင် ဝတ်ဖို့အဝတ်လေးတွေလိုတယ်။ ပြောသာပြောတာပါ တစ်ခါတလေအမေယူလာပေးတဲ့ အထည်လေးတွေက အကြမ်းဝတ်ထက်မကဘူး။ ဟိုနားဒီနားသွားရင်တောင် ဝတ်လို့ရတာလေးတွေမို့ အမေလာရင် တောင်းလာခဲ့ပေးပါနော်"

နယ်မြို့လေးမှာ အိမ်ထောင်ကျနေတဲ့ သမီးကြီးယဉ်လှနဲ့ မနေ့ကဖုန်းပြောဖြစ်တာလေးကို ပြန်ပြီးတွေးနေမိတယ်။ ခမျာလေးတို့ဘဝက ဆင်းရဲလွန်းလို့ ဒေါ်အေးမိမှာ သမီးကြီးယဉ်လှတို့မိသားစုကို အသနားပိုနေမိတယ်။ သမက်ဖြစ်သူ ထွန်းကြိုင်က လူအေး။ ယဉ်လှကဦးဆောင်ပြီး ရုန်းကန်နေရရှာတာလေ။ သားသမီးက လေးယောက်ရှိတယ်။ မြေးအကြီးမလေးတောင် ဆယ့်လေးနှစ်အရွယ်ရောက်ပြီမို့ မအေဖြစ်သူနဲ့ ကူလီလိုက်လုပ်နေရရှာတယ်။ အပျိုပေါက်လေးဆိုတော့ လှချင်ရှာမှာပေါ့။ ဒေါ်အေးမိက ရန်ကုန်မှာ သမီးငယ်ယဉ်မြတို့မိသားစုနဲ့ အတူတူနေတယ်။ ဒေါ်အေးမိ အသက် ၆၀ အရွယ်နားကပ်နေပေမဲ့ အနှိပ်ခေါ်သူရှိရင် အနှိပ်လိုက်နှိပ်တယ်။ ရလာတဲ့ငွေကြေးလေးတွေထဲက တစ်ခါတစ်ရံ သမီးငယ်အခက်အခဲရှိရင် ထုတ်ပေးလိုက်တယ်။ ဒါတောင် မီတာဆောင်ခါနီးတို့၊ ဘာတို့မှသာ ယဉ်မြက သူလင်မသိအောင်ယူတာ။ သမက်ကျော်ဟန်က အမေ့ဆီက တစ်ပြားတစ်ချပ်မှ မယူရဘူးလို့ မှာထားပြီးသား။ ဒေါ်အေးမိ အနှိပ်တွေလိုက်တာကို သမက်ဖြစ်သူကမကြိုက်ဘူး။ ဒေါ်အေးမိကိုယ်တိုင်က တတ်သည့်ပညာ မနေသာဆိုပြီး လိုက်လုပ်တာ။

ဒါမှ ကိုယ့်ငွေစလေးနဲ့ သမီးကြီးတွေဆီလဲ သတိရရင် အချိန်မရွေးထသွားလို့ရတာပေါ့။ လူကုံထံအိမ်တွေက ဖုန်းဆက်ပြီးအနှိပ်ခေါ်ရင် ဒေါ်အေးမိနေ့တွက်စီတာပေါ့။ ရင်းနှီးတဲ့သူဌေးအိမ်တွေက ဒေါ်အေးမိပြန်တိုင်း စားစရာတချို့နဲ့သူတို့မဝတ်တော့တဲ့အဝတ်အစားတချို့ကို မကြာမကြာပေးတတ်တယ်။ အတူနေ သမီးငယ်ယဉ်မြမွေးထားတာက သားယောကျ်ားလေးတွေမို့ ရလာတဲ့အဝတ်အစားတွေထဲက သူတို့နဲ့အဆင်ပြေတာလေးတွေ ရွေးပြီးပေးလိုက်တယ်။ ကျန်တာလေးတွေတော့ ယဉ်လှတို့ဆီသွားတဲ့အခါ ဒေါ်အေးမိသယ်ပိုးသွားလိုက်တယ်။ တချို့အဝတ်အထည်လေးတွေက အသစ်နီးပါးလောက်ကောင်းနေတာမို့ ဒေါ်အေးမိအလာကို သမီးတို့မိသားစုက မျှော်နေကြတာပေါ့။

အခုလဲ လူကုံထံရပ်ကွက်မှ သူဌေးမကြီးဒေါ်ကေသီ့အိမ်က အနှိပ်ခေါ်တာမို့ ဒေါ်အေးမိလာပြီးနှိပ်ပေးနေတာပဲဖြစ်တယ်။ မနက်ဖြန်တော့ သမီးကြီးရှိရာ ရန်ကုန်မြို့နဲ့ မနီးမဝေးနယ်မြို့လေးကို ဒေါ်အေးမိသွားပါအုံးမယ်။ နှိပ်နယ်နေရင်း မနက်ဖြန် သမီးကြီးတို့ရွာကို ရက်ပိုင်းသွားအုံးမယ်လို့ စကားခံထားပြီးပြီလေ။

(၂)

ဒေါ်ကေသီဆိုတာက သူနဲ့ သက်တူရွယ်တူ။ ဒေါ်အေးမိကတော့ ဆင်းရဲသူမို့ အိုစာတာပေါ့။ ဒေါ်ကေသီတို့ကတော့ ဘဝလှသူတွေမို့ ရုပ်ရည်လေးကလဲ နုရွှပြီးလှပနေတယ်။ သာမန်ကြည့်လိုက်ရင် အသက် ၄၀ ကျော်လားတောင် ထင်ရတယ်။ ရှေးဘဝကောင်းမှုတွေကြောင့်ဆိုပြီး အားကျမိတယ်။ ဒေါ်ကေသီက ဒေါ်အေးမိအိမ်ပြန်တိုင်း ဟင်းကြွင်းဟင်းကျန်နဲ့ သူမစားချင်တော့တဲ့ဟင်းတွေ အမြဲပေးတတ်တယ်။ စေတနာနဲ့ပေးတာဆိုပေမဲ့ တစ်ခါတလေ အိမ်ရောက်လို့ စားမယ်ပြင်လိုက်ရင် စားလို့မရတော့ဘဲ သိုးနေပြီဖြစ်တာမျိုးလဲ မကြာခဏကြုံခဲ့ပြီးပါပြီ။

"ကျွန်မက ပြောင်ရောင်တာလဲမပြောနဲ့ မအေးမိရဲ့ လူတိုင်းအပေါ် ကျွန်မကစေတနာမယုတ်လျော့ဘူး။ နောက်ဘဝမှာလဲ အခုဘဝက စိတ်စေတနာအကျိုးခံစားရမယ်လို့ ယုံကြည်နေတယ်"

ဒေါ်ကေသီက အဲဒီလိုပြောတိုင်း၊ တစ်ပါးသူတွေကို နင်းနှိပ်ပေးရလို့ ညောင်းကိုက်နေတဲ့ ဒေါ်အေးမိခမျာ မိမိရဲ့ရှေးဘဝက ဒါန၊ သီလကုသိုလ်နည်းပါးခဲ့မှုကို နားလည်လာတယ်။ ဒါကြောင့် ဆင်းရဲတဲ့ဒီဘဝမှာတတ်အားသရွေ့လေးတော့ ကုသိုလ်ဒါနပြုပြီးစိတ်စေတနာကောင်းလေးထားတတ်အောင် ကြိုးစားနေခဲ့တယ်။

"ဒေါ်အေးမိ မနက်ဖြန် သမီးကြီးရှိရာ ရွာသွားမလို့ဆို။ ဒီမှာ နွယ်မဝတ်တော့တဲ့ အဝတ်အစားတွေစုထည့်ထားတဲ့အထုပ် ပြန်ရင်ယူသွားနော်။ ဒီအထုပ်က ဒေါ်အေးမိစားဖို့ ပုစွန်ခြောက်ထုပ်၊ အများကြီးတော့မဟုတ်ဘူး နှစ်ဆယ်သားလောက်တော့ရှိတယ် ပြန်ရင်ယူသွား"

ဒေါ်ကေသီ့ချွေးမနွယ်နွယ်က အခန်းထဲဝင်လာပေးပြီး ပြန်ထွက်သွားတယ်။ ဒေါ်ကေသီ့ကိုလဲ နင်းနှိပ်ပြီးပြီမို့ ဒေါ်အေးမိလဲ အထုပ်လေးတွေဆွဲကာ အပြင်ထွက်ဖို့ပြင်ရတယ်။

"နွယ်နွယ်တစ်ယောက် ဘာတွေထည့်ပေးလိုက်ပါလိမ့်"ဆိုပြီး ဒေါ်အေးမိလက်ထဲက အထုပ်ကိုယူကာ ဒေါ်ကေသီ စပ်စုနေတယ်။

"ဟယ် ဒါလေးက သူတစ်ခါပဲဝတ်ရသေးတဲ့ဟာကို၊ ဒါအကောင်းစားကြီး နွယ်နွယ်ကလဲနော်။ မဖြစ်ပါဘူး အားတော့နာတယ်ဒေါ်အေးမိရယ် ဒါလေးပြန်ယူထားလိုက်မယ်။ ဒါလေးက ကေသီတူမဝါလေးနဲ့ဆိုအတော်ပဲ။ ပြန်ယူထားလိုက်မယ်နော်။ ဟယ် ပုစွန်ခြောက်ထုပ်က နှစ်ဆယ်သားဘယ်ကမလဲ။ သုံးဆယ်သားလောက်ကိုရှိတယ်။ ရှာရဖွေရတာက လင်ယောကျ်ား၊ သူက ခေတ်သစ်ဝိသာခါလုပ်နေတယ်။ မဖြစ်ပါဘူး စိတ်တော့မဆိုးနဲ့ ကေသီတစ်ဝက်ပြန်ယူထားမယ်နော်"

ဒေါ်အေးမိ ဘာမှမပြောလိုတော့၍ လိုချင်တာပြန်ယူထားပါစေဆိုပြီး ကြည့်နေလိုက်တယ်။ လူတိုင်းအပေါ် စေတနာမယုတ်လျော့ဘူးဆိုတဲ့ ဒေါ်ကေသီ့စကားသံတွေကို ပြန်လည်ကြားယောင်နေမိတယ်။

"ရော့ ရော့ ဒေါ်အေးမိ ဒါက အနှိပ်ခငါးထောင်။ အပြင်ရောက်ရင် ကေသီ ဘာတွေထုတ်ယူထားလိုက်တယ်လို့ နွယ်နွယ်ကိုမပြောနဲ့နော်။ ဩော်. . . နေပါအုံး ကေသီမဝတ်တော့တဲ့အင်္ကျီတွေ လေး၊ ငါးထည်လောက် ထည့်ပေးလိုက်ပါအုံးမယ်"

အဝတ်ဗီရိုကိုဖွင့်ပြီး ဒေါ်ကေသီအဝတ်အစားတချို့ထုတ်ယူကာ အိတ်တစ်လုံးထဲထည့်ပြီး ပေးလာတယ်။ ဒေါ်အေးမိလဲ အထုပ်တွေကိုယူပြီး အခန်းထဲမှထွက်လာလိုက်တော့တယ်။ ဒေါ်အေးမိခြံဝနားရောက်တော့ နွယ်နွယ်က လှမ်းခေါ်နေလို့ ရပ်စောင့်နေတယ်။

"ဒေါ်အေးမိ ဒါက ပိုက်ဆံသုံးထောင်ပါ။ ဒေါ်အေးမိလာရင် မုန့်ဖိုးပေးဖို့ နွယ့်ခင်ပွန်းကမှာထားတာ။ နွယ့်ယောက္ခမ ဘာတွေထုတ်ယူထားလိုက်သေးလဲ။ ထားလိုက်ပါလေ မသိချင်တော့ပါဘူး။ မနက်ဖြန်အဒေါ်သမီးကြီးရွာကိုသွားရင်ဝတ်ဖို့ ပါတိတ်ထဘီလေးလာပေးတာ။ ဒေါ်အေးမိဘာသာ ချုပ်ဝတ်သွားနော်။ ဟိုရက်က ဈေးသွားရင်းဝယ်လာတာ။ နွယ့်အလှူလေးပေါ့"

အနက်ခံမှာ အပွင့်ကြီးအနွယ်လေးတွေနဲ့ပါတိတ်ထဘီလေးကို အထုပ်ထဲထိုးထည့်ရင်း သာဓုခေါ်လိုက်မိတော့တယ်။

(၃)

ဒေါ်အေးမိပါလာတဲ့အထုပ်တွေကို သွန်ချပြီး မြေးအကြီးမလေးငုဝါသဘောတွေကျနေတယ်။ သူနဲ့ဝတ်ရင် အဆင်ပြေမဲ့အင်္ကျီလေးကို ကိုယ်မှာကပ်ပြီးသဘောတွေကျနေပြန်တယ်။ ယဉ်လှက ဒေါ်ကေသီပေးလိုက်တဲ့အထုပ်ကိုဖြေကြည့်နေတယ်။ ဖြေလိုက်တဲ့အခါ ကုပ်ပိုးမှာ ကြွက်ကိုက်ထားတဲ့ ရင်ဖုံးအင်္ကျီတစ်ထည်၊ လည်ပင်းကွပ်နေရာမှာ မီးကျွမ်းထားတဲ့အင်္ကျီတစ်ထည်နဲ့ ဘေထုပ်အထည်တွေထဲမှာ တွေ့ဖူးတဲ့ ပုံပျက်ပန်းပျက်ကြိုးတစ်လုံးအင်္ကျီတစ်ထည်ကိုတွေ့လိုက်ရတယ်။

"ဒါ အမေနှိပ်နေကျ ဒေါ်ကေသီပေးလိုက်တာမဟုတ်လားအမေ။ အဲဒီအဒေါ်ကြီးကနော် သူ့ချွေးမလောက်တောင် စိတ်စေတနာမပြည့်ဝဘူး။ ဟိုဘဝက ကုသိုလ်ကောင်းလို့ ဒီဘဝမှာ သားသမီးကုသိုလ်ကံလေးကောင်းပြီး ထည်ထည်ဝါဝါနေရတာ။ သူပေးလိုက်လေသမျှ ဘယ်တော့မှ အကောင်းမပါဘူး"

"တဲ့ ယဉ်လှ အဲဒီလိုမပြောရဘူးငါ့သမီး။ သူပေးတာက ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် သူမှာ ပေးချင်ကမ်းချင်တဲ့စေတနာလေးရှိနေတာကိုကျေးဇူးတင်ရမယ်လေ။ ညည်းဝတ်လို့ရရင်ဝတ်ပေါ့။ မဝတ်ချင်လဲမဝတ်နဲ့ပေါ့"

အဲဒီအခါ ဘေးအိမ်ကမသန်းမြက-

"ယဉ်လှရယ် နင်မဝတ်ချင်ရင် ငါ့ကိုပေးပါအေ။ ငါဖာထေးပြုပြင်ပြီးဝတ်ပါ့မယ်။ ဒီကြိုးတစ်လုံးလေးလဲပေးပါ။ အသားကပြောင်ပြောင်လေးဆိုတော့ ညှပ်ပြီးကျပ် လက်ချုပ်နဲ့ခေါင်းအုံးစွပ်လေးလုပ်ချင်လို့"

ယဉ်လှပေးလိုက်တဲ့အထုပ်ကိုယူပြီး မသန်းမြတစ်ယောက် အိမ်ပေါ်ကနေဆင်းသွားတယ်။ ဒေါ်အေးမိကတော့ နွယ်နွယ်ပေးလိုက်တဲ့ပါတိတ်ထဘီလေးကိုဝတ်လျက် ကောင်းတာလေးပေးတဲ့သူမှ စိတ်ကောင်းရှိသူရယ်လို့ မတွေးချင်ပါ။ ပင်ကိုစေတနာကောင်းပါပေမဲ့ သန္ဓေဗီဇစိတ်ကလေးတချို့က လူတွေရဲ့စိတ်စေတနာကို ပုံစံအမျိုးမျိုးပြောင်းစေတယ်မဟုတ်ပါလား။ ကောင်းတာပဲပေးပေး၊ မကောင်းတာပဲပေးပေး ပေးလိုတဲ့စိတ်စေတသိက်လေးရှိနေတာကို ကျေးဇူးတင်မိတယ်။ ဒေါ်အေးမိလဲ လက်ကျန်ဘဝနေ့ရက်လေးမှာ စိတ်စေတနာထားတတ်တဲ့ စိတ်ကောင်း၊ နှလုံးကောင်းလေးနဲ့နေတတ်အောင် ကြိုးစားနေထိုင်ပါမယ်။ ဘယ်လိုစေတနာနဲ့ပဲပေးပေး ကိုယ်ကကျေးဇူးတင်ရမယ်မဟုတ်ပါလားလို့တွေးရင်း-

"အမေ့ထဘီလေးကလှလိုက်တာ"ဆိုတဲ့ သမီးကြီးရဲ့စကားကြောင့် ပြုံးလို့နေမိပါတော့တယ်။

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ပြည်ပသို့ ကန်ဒေါ်လာ ၁ ဒသမ ၈၂၅ သန်းဖိုးရှိ ပျားရည် ၁၂၁၇ ဒသမ ၁၈တန် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဇန်နဝါရီ ၁၀**

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းတို့က ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၅ သန်းတန်ဖိုးရှိ ပျားရည် ၁၂၁၇ ဒသမ ၁၈ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ၏ သတင်းများအရ သိရသည်။

ပြည်တွင်းမှထွက်ရှိသော ပျားရည်များအနက် ပြည်ပသို့နှစ်စဉ် တန်ချိန် ၂၀၀၀ ကျော် တင်ပို့ရောင်းချပေးနေပြီး ကျန်ပျားရည်များကို ပြည်တွင်းစားသုံးမှုအတွက် ဖြန့်ဖြူးရောင်းချပေးနေကြောင်း၊ ပြည်ပသို့ ပျားရည်တင်ပို့ရောင်းချပေးရာတွင် ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ကိုးလတာကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၅ သန်းတန်ဖိုးရှိ ပျားရည်တန်ချိန် ၁၂၁၇ ဒသမ ၁၈ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါကာလအတွင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ပျားရည် ၁၃ ဒသမ ၃၄ တန်၊ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ပျားရည် ၁၂၀၃ ဒသမ ၈၄ တန် စုစုပေါင်းပျားရည် ၁၂၁၇ ဒသမ ၁၈ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ ပန်းစုံပျားရည်နှင့် နေကြာပျားရည်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေပြီး ဆီးပျားရည်ကို အများဆုံးထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့ရောင်းချပေးနေကြောင်း၊ ပြည်ပဈေးကွက်များတွင် မြန်မာ့ပျားရည်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၀၀ ခန့် ဈေးကောင်းရရှိနေပြီး ယခုအခါ ပျားရည်များသာမကဘဲ ပျားဖယောင်းများလည်း ပြည်ပဈေးကွက်ဝင်ကုန်ပစ္စည်းများ ဖြစ်လာခဲ့ကြောင်း၊ ပျားမွေးမြူရေးလုပ်ငန်းများမှထုတ်လုပ်သည့် ပျားဖယောင်းတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှင့် သဘာဝပျားအုံများမှ ထုတ်လုပ်သော ပျားဖယောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ထိ ပေါက်ဈေးရရှိနေကြောင်း သိရသည်။

SKL

# ရမည်းသင်းမြို့နယ် ကုလားမျှော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရမည်းသင်း ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုလားမျှော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းသိုက်၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကုလားမျှော်ကျေးရွာ၌ ငွေစာရင်းဖြည့်သွင်းထားရှိမှု၊ စာရင်းဇယားထိန်းသိမ်းမှုများနှင့် နေကြာစိုက်ပျိုးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ယခုဘဏ္ဍာနှစ်မှ စတင်၍ ကျေးရွာ ၁၇ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အနက် ကုလားမျှော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀ ဖြင့် တောင်သူ ၁၂၁ ဦးတွင် ဆီထွက်သီးနှံ(နေကြာ)များ စိုက်ပျိုးလျက်ရှိကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းသိုက်က ပြောပြ၍ သိရသည်။

သံသာ



# ဖြူးမြို့နယ် ပြောင်သေ(အနောက်)ကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဖြူး ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြောင်သေ(အနောက်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပြောင်သေ(အနောက်)ကျေးရွာ၌ ကျေးရွာတွင်းကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လမ်းရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ် ပြောင်သေ(အနောက်)ကျေးရွာ၌ လမ်းအရှည်ပေ ၂၇၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြုပြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာများ၏နည်းပညာကူညီမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၉ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ပြောင်သေ(အနောက်)ကျေးရွာရှိ အိမ်ခြေ ၉၃ အိမ်မှ လူ ၄၈၅ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များအတွက် သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

ကိုညီ

## တန်ဖိုးရှိပါစေ

- လူ့စွမ်းရည် မြှင့်တင်လျက်
ရှေ့ဆက်စို့ တို့လူငယ်၊
ပညာကို သင်ကြားရင်း
ဂုဏ်လင်းစေကွယ်၊
မှန်ကန်ပြု နေ့စဉ်ဝယ်
တန်ဖိုးရယ် တက်မည်လေး၊
အချိန်တွေ မဖြုန်းတီးဘဲ
စည်းကမ်းသိပေး။

- ကိုယ့်ဝန်းကျင် ကောင်းကျိုးရဖို့
ကြိုးစားကြ အမြဲသာ၊
နိုင်ရာဝန် ပရအကျိုး
သယ်ပိုးရွက်ကာ၊
အလုပ်လုပ် ပျင်းရိခွာ
သင့်ဂုဏ်ဟာ ထင်ရှား၊
အဖိုးတန် လူသားအဖြစ်
ထုဆစ်စို့လား။

- အတွေးတွေ မှန်ကန်ရေး
လိုက်နာပေး ကျင့်ဝတ်တွေ၊
မာနမာန် သင်မထားဘဲ
ရိုးသားလျက်နေ၊
စိတ်ဓာတ်ကောင်း ရှိပါစေ
ချစ်မိတ်ဆွေ လမ်းမှန်လျှောက်၊
သင့်ဂုဏ်သည် တစ်နေ့တခြား
ကျော်ကြားထွန်းတောက်။ ။

ဖြိုးထက်(ရေစကြို)

# နတ်မောက်မြို့နယ် သာယာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်တန်းကျေးရွာအုပ်စု သာယာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းပဉ္စမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ်အဖြစ် သာယာအေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၇ သန်းထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာပေါင်း ၃၉ ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက ပြောပြ၍ သိရသည်။

သော်သော်

# ကြားဖြတ်မိန့်ကို အထူးအယူခံမဝင်နိုင်

**စိန်လှိုင်ပိုလ်**

တရားစီရင်ရေးတွင် မူလရုံး၏အမိန့်ကို တစ်ဆင့်မြင့် ခရိုင်တရားရုံးသို့လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းတရားလွှတ်တော်သို့လည်းကောင်း၊ ထို့နောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့လည်းကောင်း အဆင့်ဆင့်အယူခံမှုများ၊ ပြင်ဆင်မှုများ ဝင်ရောက်ခွင့်ရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်ကို ကျေနပ်မှုမရှိပါက ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ-၂၀ အရ အထူးခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးပေးပါရန် လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဥပဒေပြဿနာတစ်ရပ်ပေါ်ပေါက်ဖူးသည်။ **ကြားဖြတ်မိန့်ကို အထူးအယူခံဝင်ခွင့်ရှိ၊ မရှိ**ဟူသော ပြဿနာကို ထုံးဖွဲ့လမ်းညွှန်ခဲ့သော အမှုတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ ၂၀၁၇ ခုနှစ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန FDA ဓာတ်ခွဲခန်းအဆောက်အအုံနှစ်လုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံး ၁၂ ရုံးဆောက်လုပ်ခွင့်ရရှိခဲ့သည့် ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများထံမှ ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြေကွက်နှင့် ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ အနောက်ဘက်ရှိ မြေကွက်ပေါ်တွင် အဆောက်အအုံအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြု၍ လက်ခံခဲ့သူ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၅၆ အရ အရေးယူပေးရန် သတင်းပေးတိုင်တန်းစွဲဆိုခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၁ တွင် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ နေအိမ်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် နေအိမ်အသုံးအဆောင်ပစ္စည်းများကို လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြု၍ ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများထံမှ လက်ခံခဲ့သဖြင့် ဒေါက်တာသန်းထွဋ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၅၆ အရ စွဲချက်တင်သည့် အမိန့်ချမှတ်ခဲ့သည်။

၎င်းအမိန့်အပေါ် ရွာသစ်ကျေးရွာရှိ နေအိမ်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် နေအိမ်အသုံးအဆောင်ပစ္စည်းများအတွက် ကျသင့်ငွေကို မပေးချေဘဲ လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြုသည့်ကိစ္စနှင့်စပ်လျဉ်း၍ စွဲချက်တွင် ဖြည့်စွက်ပြင်ဆင်ပေးရန် အမှုလိုက်ဥပဒေအရာရှိက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၂၂၇ အရ လျှောက်ထားခဲ့ရာ ပယ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။

အဆိုပါအမိန့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၈၈၇(ခ) ဖြင့် တင်သွင်းရာ ပလပ်သဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ-၂၀ အရ အထူးခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးပေးပါရန် ဆက်လက်တင်သွင်းလျှောက်ထားရာ-

“မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၁ တွင် ချမှတ်ခဲ့သည့် စွဲချက်အမိန့်၌ “သင်၏ ရွှေကြာပင်ရပ်ကွက်ရှိ နေအိမ်အတွက် ငွေကျပ် ၅၀၄၆၆၉၇၆ ကျပ်တန်ဖိုးရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ ရွာသစ်ကျေးရွာရှိ နေအိမ်အတွက် ငွေကျပ် ၁၀၀၉၇၂၈၁၀ တန်ဖိုးရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း သင်၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုပြီး လက်ခံခဲ့သည်”ဟူသောစကားရပ်ကို ဖြည့်စွက်ပြင်ဆင်ပေးရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၂၂၇ အရ လျှောက်ထားချက်ကို ပယ်ခဲ့သည့်အမိန့်သည် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်းရှိ၊ မရှိ”ဟူသော ပြဿနာအား ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက မူလရုံးစွဲချက်အမိန့်တွင် ရွာသစ်ကျေးရွာရှိ နေအိမ်




အတွက် ငွေကျပ် ၁၀၀၉၇၂၈၁၀ တန်ဖိုးရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများကို သင်၏လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုပြီး လက်ခံခဲ့သည်ဟု ဖြည့်စွက်ပြင်ဆင်ပေးပါရန် လျှောက်ထားတင်ပြခဲ့သည်။

အယူခံတရားခံ၏ရှေ့နေက “လျှောက်ထားသည့်အမှုမှာ ကြားဖြတ်အမိန့်အပေါ် လျှောက်ထားမှုဖြစ်ပြီး အပြီးသတ်အမိန့်မဟုတ်ကြောင်း” အပြီးသတ်အမိန့်မဟုတ်သည့်အတွက် အထူးအယူခံမှုတင်သွင်းခွင့်မရှိကြောင်း၊ အထူးအယူခံမှုကို ပလပ်သင့်ကြောင်း၊ မူလတရားရုံး၏စွဲချက်အမိန့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြင်ဆင်မှုတင်သွင်းခြင်းမရှိခဲ့မှုကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း လျှောက်ထားတင်ပြခဲ့သည်။

**အထူးအယူခံခုံရုံး၏ ဝိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလတရားရုံး၏ စွဲချက်အမိန့်ကို ဖြည့်စွက်ပြင်ဆင်ပေးရန် လျှောက်ထားချက်အပေါ် ပယ်သည့်အမိန့် တစ်နည်းအားဖြင့် ကြားဖြတ်အမိန့်သည် အပြီးသတ်စီရင်ထားသော အမိန့်မဟုတ်သည့်အတွက် ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ-၂၀ အရ အထူးခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်ခြင်းရှိ၊ မရှိကို ဦးစွာဆုံးဖြတ်ရမည်ဟု ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ယခုအမှုကို အများပြည်သူအကျိုးငှာ အရေးယူလောက်သော ဥပဒေပြဿနာရပ်ပေါ်ပေါက်သည်ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးက အကြောင်းပြု၍ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ-၂၀ အရ ပြည်ထောင်စုတရားသူကြီးချုပ်ထံ တင်သွင်းလျှောက်ထားမှုဖြစ်သည်။ အများပြည်သူအကျိုးငှာ အရေးယူလောက်သော ဥပဒေပြဿနာရပ်ပေါ်ပေါက်သည်ဟု ပြည်ထောင်စုတရားသူကြီးချုပ်က ထင်မြင်ယူဆလျှင် **မည်သည့်အမိန့်မျိုးကိုမဆို** ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ-၂၀ အရ အရေးယူဆောင်ရွက်ခွင့်ရှိ၊ မရှိ တိကျသောလမ်းညွှန်ဆုံးဖြတ်မှုတစ်ခုပြုရန် လိုအပ်ခြင်းရှိ၊ မရှိ စိစစ်သင့်သည်ဟု ယူဆသဖြင့် ဤအမှုကို လက်ခံကြားနာခြင်းဖြစ်ကြောင်း အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

စွပ်စွဲချက်နှစ်ရပ်အတွက် ပြစ်မှုတစ်မျိုးတည်းသာ ကျူးလွန်ရာရောက်သဖြင့် စွဲချက်တစ်ရပ်တည်းသာ တင်သည့်သဘော သက်ရောက်ပေသည်။ တရားခံ၏ ထုချေချက်အရ ၎င်းအပေါ် စွဲချက်တင်ဖြေရှင်းစေသည့်စွပ်စွဲချက်သည် စွပ်စွဲချက်တစ်ရပ်သာဖြစ်သည်ဟု တရားခံက သဘောပေါက်နားလည်သည်မှာ မြင်သာပေသည်။ မူလရုံးက ရွာသစ်ရွာရှိ အဆောက်အအုံနှင့်ပတ်သက်၍ စွပ်စွဲတင်ပြရာတွင် တရားလိုဘက်မှ သက်သေခံအက်ဥပဒေပုဒ်မ-၁၀၁ အရ သက်သေပြရန်တာဝန်ကျေပွန်ခြင်းမရှိကြောင်း၊ တရားလိုဘက်မှတင်ပြသော သက်သေခံစာရွက်စာတမ်းများတွင် ဒေါက်တာသန်းထွဋ်နှင့်ပတ်သက်၍ ငြိစွန်းခြင်း၊ ပေါ်ပေါက်ခြင်းမရှိကြောင်း သုံးသပ်ပြီး လျှောက်ထားချက်ကို ပယ်ခဲ့ခြင်းဖြစ်၍ ထိုသို့လျှောက်ထားချက်ကို ပယ်ခြင်းမှာ **“ရွာသစ်ကျေးရွာနှင့်ပတ်သက်သော စွဲချက်တစ်ရပ်ကို ပယ်ဖျက်သည့်သဘောသက်ရောက်လျက်ရှိသည်။ တစ်နည်းအားဖြင့် စွပ်စွဲချက်တစ်ရပ်ကို ပယ်ဖျက်သည့်သဘောသက်ရောက်လျက်ရှိသဖြင့် စွဲချက်တစ်ရပ် ထပ်မံတင်၍ စစ်ဆေးစေသည့်အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားနိုင်သည့်အခွင့်အရေးတစ်ရပ် တရားလိုဘက်မှရရှိပြီးဖြစ်ကြောင်း”** အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

သို့သော် ၎င်းအခွင့်အရေးကို တောင်းဆိုခြင်းမပြုဘဲ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၂၂၇ အရ လျှောက်ထားချက်ကို ပယ်သည့်အမိန့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းဖြစ်ရာ အဆိုပါပြင်ဆင်မှုအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပလပ်သည့်အမိန့် ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြင်ဆင်မှုပလပ်သည့်အမိန့်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ-၂၀ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ရာ **“အဆိုပါကြားဖြတ်အမိန့်အပေါ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ-၂၀ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခွင့်ရှိ၊ မရှိ အငြင်းပွားပြဿနာပေါ်ပေါက်လာခြင်းဖြစ်ကြောင်း”** အထူးအယူခံခုံရုံးက စိစစ်ဖော်ထုတ်ခဲ့သည်။

အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာတစ်ရပ်ရပ် ပေါ်ပေါက်သည်ဟု ပြည်ထောင်စု တရားသူကြီးချုပ်က မိမိသဘောအရ ထင်မြင်ယူဆပါလျှင် **အထူးအယူခံခုံရုံးဖြင့် စစ်ဆေးစီရင်ထားသည့်အမှုတွဲမှလွဲ၍** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စစ်ဆေးစီရင်ထားသော မည်သည့်အမှုကိုမဆို အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်သည်ဟု သဘောသက်ရောက်လျက်ရှိပေသည်။

၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ-၁၉ တွင် ဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တစ်ခုခု၌ပါရှိသော စကားရပ်များ၏အဓိပ္ပာယ်သည် ၎င်းဥပဒေတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့်အတိုင်း ဖြစ်စေရမည်။ **သို့ရာတွင် အခြားနည်းအဓိပ္ပာယ်ဖွင့်ဆိုရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းလျှင် ထိုသို့ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်** ဟု ပြဋ္ဌာန်းထားကြောင်း ရုံးတော်က ရှုမြင်သုံးသပ်ခဲ့သည်။

သို့ဖြစ်ရာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ ထုတ်ပြန်သော တစ်ဆင့်ခံဥပဒေဖြစ်သည့် အထူးအယူခံမှုစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်-၁၃ ပါ မည်သည့်အမှုကိုမဆို ဆိုသောစကားရပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ **အပြီးသတ်စစ်ဆေးစီရင်ထားသည့် မည်သည့်အမှုကို မဆိုသာဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။**

ထို့ကြောင့် မူလတရားရုံး၏စွဲချက်အမိန့်ကို ဖြည့်စွက်ပြင်ဆင်ပေးရန်လျှောက်ထားချက်အပေါ် ပယ်သည့်အမိန့် တစ်နည်းအားဖြင့် **ကြားဖြတ်မိန့်သည် အပြီးသတ်စီရင်ထားသောအမိန့်မဟုတ်သည့်အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ-၂၀ အရ အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်ပေးနိုင်ခြင်းမရှိသည်မှာ မြင်သာကြောင်း ဆင်ခြင်သုံးသပ်ခဲ့သည်။ သို့ဖြစ်၍ ထုတ်နုတ်ထားသည့် ဥပဒေပြဿနာကို ဆက်လက်ဖြေကြားရန်မလိုအပ်သဖြင့် အထူးအယူခံမှုကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။** (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဒေါက်တာသန်းထွဋ် ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ်-၂ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ကျောက်တံခါးမြို့နယ် ဖြူးစုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်မှု စစ်ဆေး

**ကျောက်တံခါး ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဖြူးစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဖြူးစုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် လမ်းရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ဖြူးစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် ၇ ဒသမ ၄၆ ဖာလုံ၊ အကျယ် ၁၀ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၁၄ သန်းဖြင့် သုခမေကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ပြောပြ၍ သိရသည်။ **ဖြူလေး**

# ပြည်ပသို့ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ပုစွန်တင်ပို့နိုင်မှုက အမေရိကန်ဒေါ်လာ ၄၄ သန်းကျော် ရရှိ



**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ပသို့ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုတွင် ပုစွန်တင်ပို့နိုင်မှုက အမေရိကန်ဒေါ်လာ ၄၄ သန်းကျော် ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်)ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းထံမှ သိရသည်။

ထိုသို့ တင်ပို့ရာတွင် ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ မလေးရှားနိုင်ငံ၊ တရုတ်(တိုင်ပေ) နှင့် ဩစတြေးလျနိုင်ငံတို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တင်ပို့မှု တိုးတက်ရေးအတွက် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ ဒီဇင်ဘာလထိ ပုစွန် ၁၂၃၅၅ မက်ထရစ်တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၄ သန်းကျော် ရရှိထားပါတယ်။ ပြီးခဲ့တဲ့နှစ်ကာလတူအနေအထားမှာ ပုစွန် ၁၀၃၈၈ မက်ထရစ်တန် တင်ပို့ခဲ့တဲ့အတွက် အခုနှစ်မှာ ပုစွန် ၁၉၆၆ မက်ထရစ်တန်ပိုမိုတင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ ပြည်ပကို ပုစွန်တင်ပို့ရာမှာ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းကနေ သာမက နယ်စပ်ကုန်သွယ်ရေးစခန်းတွေကလဲ တင်ပို့နေတာဖြစ်ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်)ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြသည်။

ရေထွက်ကုန်တင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် ဈေးကွက်အနေအထား ပေါ်မူတည်က ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏လိုအပ်ချက်များပြည့်မီရေးကို ဌာနနှင့်ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH

# သထုံမြို့နယ် အုပ္ပိုလ်ချောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သထုံ ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ် အုပ္ပိုလ်ချောင်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးအောင်ဝေထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခွာညိုငွေး ၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အုပ္ပိုလ်ချောင်ကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အုပ္ပိုလ်ချောင်ကျေးရွာ၌သောက်သုံးရေရရှိရေး ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၅ သန်းဖြင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သုတ

# မြို့သစ်မြို့နယ် တယ်ပင်စမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြို့သစ် ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် တယ်ပင်စမ်းကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ တယ်ပင်စမ်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဖြည့်စွက်မှာကြားသည်။

တယ်ပင်စမ်းကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က အကျယ် လေးလက်မ၊ အနက်ပေ ၅၉၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၀၈ သန်းဖြင့် ဆိုလာ ၁၀ ဒသမ ၄၅ ကီလိုဝပ်နှင့် ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ပြောပြ၍ သိရသည်။

ရေရရှိရေးလုပ်ငန်းအားလုံး ပြီးစီးမှုကြောင့် တယ်ပင်စမ်းကျေးရွာရှိ အိမ်ခြေ ၃၀၇ အိမ်၊ လူ ၁၆၁၇ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် လာမည့်နွေကာလ သောက်သုံးရေ အခက်အခဲများ အဆင်ပြေနိုင်မည် ဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

# တန့်ယန်းမြို့နယ် မန်ကောင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**တန့်ယန်း ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန်ကတ်ကျေးရွာအုပ်စု မန်ကောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မန်ကောင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ ထပ်မံတိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သုသု**

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၄၈၅၉ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၄၈၅၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဧက ၂၆၆၉၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၈၅၉ ဧက စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆီထွက်သီးနှံ ဧက နှစ်သောင်းကျော်စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက သုံးသောင်းကျော် စိုက်ပြီးသွားပြီ။ ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံ စိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၁၄၂၃၁ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ နေကြာ ဧက ၈၅၀၊ ပန်းနှမ်း ၅၃၁၃ ဧက၊ မုန်ညင်း ၄၃၂ ဧက စုစုပေါင်း ၃၄၈၅၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးသူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# မြစ်ရောနဒီ ရစ်ခွေကာသီ အမိမြေမြန်မာပြည် (၄)

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)

မြစ်ကြီးရောဝတီသည် မြန်မာနိုင်ငံမြောက်ဖျား ကချင်ပြည်နယ်မှ စတင်သန္ဓေတည်လျက် တောင်ကုန်း တောင်တန်း လျှိုမြောင်အသွယ်သွယ် မြစ်ကျယ်မြစ်ကျဉ်း မြစ်ဝှမ်းလွင်ပြင် မြေနုကျွန်းနှင့် မြစ်ဝကျွန်းပေါ် စသည့်မြေပြင်လက္ခဏာအဖြာဖြာသို့ ဖန်တီးပေးခဲ့သည်။ မြောက်အရပ်မှသည် တောင်ဘက်ဆုံးရှိ ဘင်္ဂလားပင်လယ်အတွင်းသို့ အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေပါသည်။ မြစ်ရောဝတီသည် စုစုပေါင်း အလျား ၁၃၄၈ မိုင် (ကီလိုမီတာ ၂၁၇၀)ခန့်ရှည်လျားသဖြင့် မြန်မာနိုင်ငံ၏အရှည်လျားဆုံးနှင့် အကြီးမားဆုံးမြစ်ဖြစ်သည်။

ဤမျှရှည်လျားပြီး စွမ်းအားကြီးမားလှသော မြစ်ကြီးတစ်စင်းသည် အခြားနိုင်ငံများစွာကို ဖြတ်သန်းစီးဆင်းမှုမရှိဘဲ အမိမြေအတွင်းမှာ မြစ်ဖျားခံလျက် အမိမြေပိုင်နက်အတွင်းရှိ ပင်လယ်အတွင်းသို့ စီးဝင်အဆုံးသတ်ခြင်းမှာ အလွန်ရှားပါးသည့်ဖြစ်စဉ်မျိုးဖြစ်သည်။ ဆိုလိုသည်မှာ အမိမြေမှ စတင်မြစ်ဖျားခံခဲ့ပြီး အမိမြေမှာပင် အဆုံးသတ်သည့် တွေ့ရမြင်ရခဲသော လက္ခဏာတစ်ရပ်ဖြစ်ပါသည်။

မြစ်ကြီးရောဝတီသည် မြန်မာနိုင်ငံ၏အရေးအကြီးဆုံးသော ကုန်သွယ်ရေကြောင်း လမ်းမကြီးနှင့် မြို့ပြကျေးရွာများ ဖွံ့ဖြိုးစည်ပင်မှု၊ စိုက်ပျိုးစီးပွားတိုးပွားလာစေရေးအတွက် အမြဲအစဉ်အထောက်အကူပြုနေသော ထာဝရကျေးဇူးရှင်ဖြစ်သည်။ ရောဝတီမြစ်ဝှမ်းဒေသကြီးတစ်ခုလုံး၏ ရေဆင်းချိုင့်ဝှမ်းဧရိယာနှင့် မြစ်ဝှမ်းလွင်ပြင်ကြီးသည် စတုရန်းကီလိုမီတာ ၄၁၁၀၀၀ ရှိသည်ဟု မှတ်သားရပါသည်။ မြန်မာနိုင်ငံ စုစုပေါင်းဧရိယာအကျယ်အဝန်း၏ ၆၀ ရာခိုင်နှုန်းခန့်ကို မြစ်ကြီးရောဝတီ၏မြစ်ဝှမ်းဒေသကြီး တစ်ခုလုံးက နေရာယူထားသည်ဟု မှတ်သားရပါသည်။

မြစ်ကြောင်းများ စီးဆင်းရေများ၏ ရေဆင်းစနစ်ကို(Channel Pattern) ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တွေ့မြင်နိုင်သည်။ အဓိကတွေ့ရသည့်ပုံစံများမှာ အဖြောင့်ရေဆင်းပုံစံ (Straight Channel)၊ ကွေ့ကောက်ရေဆင်းပုံစံ (Meandered Channel)၊ မြစ်ကွေ့များစွာရှိသော ဖွတ်မြီးထိုးရေဆင်းပုံစံ (Braided Channel)၊ ကွေ့ကောက်မှုများသော ရှုပ်ထွေးရေဆင်းပုံစံ (Anastomosing Channel)၊ မြစ်ဝကျွန်းပေါ်ရေဆင်းပုံစံ (Deltaic Channel) တို့ဖြစ်ကြပါသည်။

အမိရောဝတီကို အဓိကအားဖြင့် အပိုင်းကြီးသုံးပိုင်းခွဲ၍ သတ်မှတ်နိုင်ပေရာ မြောက်ပိုင်းတွင် ရေဆင်းပုံစံ(၁-၂)၊ အလယ်ပိုင်းတွင် ရေဆင်းပုံစံ (၃-၄)နှင့် တောက်ဘက်ပိုင်းတွင် ရေဆင်းပုံစံ(၅) ဖြင့် စီးဆင်းနေသည်ဟု ယေဘုယျအားဖြင့် သတ်မှတ်နိုင်ပါသည်။ အမိရောဝ၏အလယ်ပိုင်းနှင့် တောင်ဘက်ပိုင်းတို့တွင် စိုက်ပျိုးရန် မြေဆီလွှာကောင်းမွန်ခြင်း၊ ကျယ်ပြန့်သည့်မြစ်ဝှမ်းလွင်ပြင်ရှိခြင်းတို့ကြောင့် နိုင်ငံများ စည်ပင်ဖွံ့ဖြိုးသည်ကို တွေ့ရှိရပါသည်။

အမိမြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အနေအထားနှင့် ဘူမိရုပ်သွင်လက္ခဏာ(Geomorphology) တို့အရ အဓိကအားဖြင့် ဘူမိဒေသကြီး လေးပိုင်းအဖြစ်ခွဲခြားနိုင်သည်။ ၎င်းအပိုင်းကြီးများမှာ အရှေ့ဘက်ကုန်းမြင့်ဒေသ၊ အလယ်ပိုင်းမြေနိမ့်လွင်ပြင်ဒေသ၊ အနောက်ဘက် တောင်တန်းဒေသနှင့် ရခိုင်ကမ်းမြောင်ဒေသဟူ၍ဖြစ်သည်။ ဖော်ပြပါ အပိုင်းကြီးများအနက် ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်ကြီးများသည် မြန်မာနိုင်ငံ၏အလယ်ပိုင်းမြေနိမ့်လွင်ပြင်ဒေသတွင် ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်နှစ်မြွာပေါင်းဆုံရာဒေသမှာလည်း မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသဖြစ်သော ပခုက္ကူခရိုင် ရေစကြိုမြို့၏ အောက်ဘက်နားတွင်ဖြစ်ပါသည်။

စာရေးသူသည် ချင်းတွင်းရောမြစ်နှစ်မြွာပေါင်းဆုံရာဒေသသို့ ရောက်ခဲ့ဖူးသည်။ ချင်းတွင်းမြစ်၊ ရောဝတီမြစ်၏ ရေလယ်ကျွန်းပေါ်သို့လည်း ရောက်ခဲ့ဖူးပါသည်။ မြစ်ကြောင်းများတွင် ဖြစ်တည်ခဲ့သော ဘူမိရုပ်သွင်များကိုလည်း လေ့လာခဲ့ရပါသည်။ မြစ်ကြောင်းတစ်ခု၏အလယ်တွင် ပေါ်ထွန်းလာသည့် သဲသောင်ခုံများကို မြစ်လယ်သဲသောင်ခုံ (Mid Channel Bar)၊ မြစ်ကမ်းဘေးဝဲယာတွင်ဖြစ်တည်ခဲ့သော သဲသောင်ခုံများကို ကမ်းဘေးသဲသောင်ခုံ(Side Channel Bar) နှင့် ရေစီးအားနည်းသွားသည့်မြစ်ကွေ့များတွင် သယ်ဆောင်လာသည့် အနည်များ စုပုံပို့ချမှုကြောင့် ဖြစ်ပေါ်လာသောမြေနုကျွန်းကို ပွိုင့်ဘား(Point Bar)ဟု သတ်မှတ်ကြပါသည်။

ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်ဆုံရာနေရာ၏ အနောက်ဘက် ၆ ဒသမ ၅ ကီလိုမီတာအကွာရှိ အနောက်မြောက်-အရှေ့တောင် လားရာအတိုင်း သွယ်တန်းနေသော ရှင်မတောင်၊ မြင်းခြံမြို့အနီးရှိ တောင်သာတောင်၊ ပခုက္ကူမြို့ အနောက်တောင်ဘက်ရှိ တောင်မြောက်နီးပါးသွယ်တန်းနေသော တန့်ကြည့်တောင်တန်း၊ ရောဝတီမြစ်၏အရှေ့ဘက်ရှိ ပုပ္ပားတောင်ကြီးများသည် ရောဝတီမြစ်၏သဘာဝအလှကို ပို၍လှပစေပါသည်။ ရောဝတီမြစ်၏ဝဲယာ မြစ်ကမ်းတစ်လျှောက်ရှိ တောင်တန်းတောင်စွယ်များ၊ မြစ်ကျဉ်းများ၊ မြစ်ကျိုးအင်းများ၊ သဘာဝနုန်းတာများ၊ ရေလွှမ်းလွင်ပြင်များ၊ မြစ်ကမ်းပါးများ၌ တွေ့ရှိရသောကျောက်များ၊ မြေဆီလွှာနှင့်သဘာဝပေါက်ရောက်ပင်များ၊ စိုက်ပျိုးမြေနှင့် စိုက်ပျိုးထားသော ကောက်ပဲသီးနှံများ၊ မြစ်ဝကျွန်းပေါ်၏ထူးခြားမှုများ၊ ပင်လယ်ကမ်းစပ်ရှိ လမု၊ ကနစို စသောဒီရေရောက်တောများ၊ မြစ်ကြောင်းတစ်လျှောက်နှင့် မြစ်ဝှမ်းလွင်ပြင်ရှိ သက်ရှိများနှင့် ၎င်းတို့နေထိုင်ကျက်စားသည့်ဂေဟစနစ်ဖြင့် လေ့လာစရာ မှတ်တမ်းပြုစရာများ အမြောက်အမြားရှိနေပါသေးသည်။ သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အသီးသီးက သုတေသနပြုနေကြဆဲဖြစ်ပါသည်။

ထို့ပြင် ရောဝတီမြစ်ဝှမ်းဒေသကြီးကို အခြေပြုလျက် တည်ဆောက်ထားခဲ့ကြသော နိုင်ငံတစ်ခုဖြစ်သည့် အမိမြန်မာနိုင်ငံ၏ခေတ်အဆက်ဆက်ပေါ်ထွန်းလာခဲ့သော ယဉ်ကျေးမှုအဆင့်ဆင့်ကိုလည်း သုတေသီများက လေ့လာခဲ့ကြရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ဤဒေသကြီးများတွင် ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်လယ်နှင့် ကျောက်ခေတ်သစ်၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ကြေးခေတ်သံခေတ်များ၏ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာဖော်ထုတ်ခဲ့ကြပြီးဖြစ်ပါသည်။ ထို့မျှမက သမိုင်းမတင်မီကာလ၊ သမိုင်းတင်နိုင်သောကာလ၊ ယနေ့မျက်မှောက်ကာလများတွင် မြို့ပြတည်ဆောက်ခြင်း၊ မင်းနေပြည်တော်များ တည်ဆောက်ခဲ့ခြင်း(ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည်များ)၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ခံ့ညားဝင့်ထည်တင့်တင့်တယ်တယ် နေထိုင်ခဲ့ကြသည့်အထောက်အထားများကို ရောဝတီမြစ်က အတိအကျအသေအချာ ဖော်ပြနေပြန်ပါသည်။

ရောဝတီနှင့် အမိမြန်မာပြည်၊ မြန်မာ့သမိုင်းနှင့် ရောဝတီ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ရောဝတီ၊ ဩဇာထက်မြက် မြေဆီတက်နေသည့် ရောဝတီနှင့် မြန်မာပြည်၊ သဘာဝသယံဇာတများနှင့် မြစ်ရောဝတီ၊ (ဥပမာ-မြစ်ရောအနောက်ဘက်ကမ်းက တန့်ကြည့်တောင်တန်းတစ်လျှောက်မှ သဘာဝရေနံမြေများ၊ ချောက် ရေနံချောင်း၊ မင်းဘူး ထောက်ရှာပင်မန်းရေနံမြေများ စသည်)၊ လူသားမျိုးနွယ်အစ မြန်မာကဟု တင်စားခေါ်လောက်သည့် မြစ်ရောအနောက်ကမ်းခပ်လှမ်းလှမ်းက မြိုင်မြို့နယ် ဗဟင်း ပန်းကန်ဒေသကျစ်ချောင်များမှ လူသားမျိုးနွယ်အစ ပရိုင်းမိတ်ရုပ်ကြွင်းများသည် ယနေ့ထိတိုင် သမိုင်းဟောင်းကိုဖော်ပြနေဆဲ၊ အထောက်အထားများကို ပြသပေးနေဆဲဖြစ်သည်။ ဆိုလိုသည်မှာ ဖော်ပြပါဒေသများအားလုံးသည် လွန်ခဲ့သည့်နှစ်သန်းပေါင်း ၄၀ ခန့်က မြစ်ဝှမ်းလွင်ပြင်များ ရေစပ်စပ် ကုန်းစပ်စပ်နေရာများအဖြစ်ရှိနေခဲ့ကြပြီး ကျောရိုးရှိသတ္တဝါများ၊ ကုန်းနေရေနေသတ္တဝါများ နေထိုင်ခဲ့ကြသည့်နေရာများဖြစ်ခဲ့ပါသည်။ ရှေးဦးရောဝတီနှင့်ဆက်စပ်နေသည့် မြစ်ချောင်းတွင်းကျအနည်များ(Fluvial Sediments) ပို့ချခဲ့သည့် နေရာများဖြစ်သည်ဟု ဘူမိဗေဒပညာရှင်များ လေ့လာဖော်ပြထားခဲ့ပြီးဖြစ်သည်။

> ❖ မြစ်ကြီးရောဝတီသည် မြန်မာနိုင်ငံ၏အရေးအကြီးဆုံးသော ကုန်သွယ်ရေကြောင်းလမ်းမကြီးနှင့် မြို့ပြကျေးရွာများ ဖွံ့ဖြိုးစည်ပင်မှု၊ စိုက်ပျိုးစီးပွားတိုးပွားလာစေရေးအတွက် အမြဲအစဉ်အထောက်အကူပြုနေသော ထာဝရကျေးဇူးရှင်ဖြစ်သည်။ ရောဝတီမြစ်ဝှမ်းဒေသကြီးတစ်ခုလုံး၏ ရေဆင်းချိုင့်ဝှမ်းဧရိယာနှင့် မြစ်ဝှမ်းလွင်ပြင်ကြီးသည် စတုရန်းကီလိုမီတာ ၄၁၁၀၀၀ ရှိသည်ဟု မှတ်သားရပါသည်။ မြန်မာနိုင်ငံ စုစုပေါင်းဧရိယာအကျယ်အဝန်း၏ ၆၀ ရာခိုင်နှုန်းခန့်ကို မြစ်ကြီးရောဝတီ၏ မြစ်ဝှမ်းဒေသကြီးတစ်ခုလုံးက နေရာယူထားသည်ဟု မှတ်သားရပါသည်။ ❖

ရောဝတီမြစ်၏အရှေ့ဘက်ကမ်း မြေဩဇာကောင်းသည့် ရေကောင်းမြေကောင်းနေရာ မြေနုကျွန်းဒေသ (ဥပမာ-ယုန်လွှတ်ကျွန်း)တွင် ပုဂံပြည်ကြီးကို စတင်တည်ထောင်ခဲ့ကြသည်။ ပုဂံယဉ်ကျေးမှု စတင်ခဲ့သည်။ ထွန်းကားလာခဲ့သည်။ ဗုဒ္ဓအမွေ ဘုရားပုထိုးစေတီ အများအပြားတည်ထားခဲ့ကြသည်။

ရောဝတီမြစ်သည် တောင်ဘက်သို့ တိုး၍ကြီးထွားသည်။ မြစ်ဝကျွန်းပေါ်ကို တဖြည်းဖြည်းချင်း တည်ဆောက်ခဲ့သည်။ ပင်လယ်ရေသည် တောင်ဘက်သို့ ဆုတ်၍သွားခဲ့သည်။ ကုန်းမြေများအသစ်ဖြစ်လာခဲ့သည်။ ဆိုလိုသည်မှာ တစ်ချိန်က ပြည်မြို့တည်နေရာသည် ပင်လယ်ဆိပ်ကမ်းဖြစ်ခဲ့သည်။ သရေခေတ္တရာမြို့ဟောင်းနှင့် ဗုဒ္ဓအမွေအနှစ်များက သက်သေပြနေသည်။ (ရောဝတီမြစ်ဝကျွန်းပေါ်၏ တည်ဆောက်မှုကို ယခင်ဆောင်းပါးများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်)။

ရောဝတီမြစ်၏ဖြစ်ပေါ်လာပုံ၊ တည်နေပုံ၊ ဖြတ်သန်းစီးဆင်းပုံ၊ မြစ်ဝှမ်းလွင်ပြင်ကြီးများဖြစ်ပေါ်လာပုံ၊ ရေသယံဇာတများ၊ သဘာဝတွင်းထွက်များ၊ တောတောင်အလှနှင့် သဘာဝအလှများ၊ လူနေမှုယဉ်ကျေးမှုနှင့် စီးပွားရေးကူးသန်းရောင်းဝယ်ရေးနှင့် ရောဝတီမြစ်ကြီး၏ ပြုပြင်ပြောင်းလဲမှုများ၊ အမိမြန်မာပြည်ကြီး မည်သို့မည်ပုံ ပေါ်ထွန်းလာခြင်း၊ ကုန်းမြေမြင့်ကြီးများနှင့် တောင်တန်းကြီးများ ဖြစ်ပေါ်လာပုံ၊ ရှေးဦးရောဝတီ စတင်သည်မှ ယနေ့ထိတိုင် မည်သို့မည်ပုံပြောင်းလဲလာခဲ့ပုံ စသည်များမှာလေ့လာ၍ ကုန်နိုင်မည်မဟုတ်ပါ။ စာရေးသူက တင်ပြခဲ့သည့် ရောဝတီဆောင်းပါးလေးပုဒ်မျှဖြင့် ပြီးပြည့်စုံမည်မဟုတ်ပါ။ ဆက်လက်လေ့လာရန် အချက်အလက်များစွာ ကျန်ရှိနေမည်ဖြစ်ပါသည်။

မြစ်ရောနဒီ ရစ်ခွေကာသီ အမိမြေမြန်မာပြည် ထာဝရလှပနေပါသည်။ ရောမြစ်ရေ တသွင်သွင်စီးဆင်းအေးမြခြင်း ငြိမ်းချမ်းခြင်းများ ထာဝရအစဉ်တည်နေပါစေ ဆုမွန်ခြွေကာ ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ညီညီ(၁၉၆၇)မြန်မာ့မြေမျက်နှာသွင်ပြင်၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်။**

# မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြိတ် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ဝန်ဖို့ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ဝန်ဖို့ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သောက်သုံးရေကန်ကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

ဝန်ဖို့ကျေးရွာတွင် အနံ ပေ ၁၉၀၊ အလျား ၂၂၅ ပေ၊ အနက် ငါးပေ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြု၍ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေသားရေကန်ဆောင်ရွက်ပြီးစီးမှုကြောင့် ဝန်ဖို့ကျေးရွာရှိ အိမ်ခြေ ၂၀၃ အိမ်၊ လူဦးရေ ၁၀၂၄ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုလှိုင်**




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# သင်းပျံ့စံပယ် ထုတ်ဝေဖြန့်ချိ




မြဝတီစာပေတိုက်က ထုတ်ဝေသော ပုသိမ်အောင်သန်းဦး၏ သင်းပျံ့စံပယ်လုံးချင်းဝတ္ထုစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ အမှာစကားပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် စာရေးဆရာဆိုသည်မှာ လူ့ဘဝ၏ဒုက္ခအဖုံဖုံကို တင်ပြပေးရုံနှင့်တာဝန်ကျေပြီဟု မဆိုနိုင်ပါ။ အဆိုပါဒုက္ခနွံအတွင်းမှ ကယ်တင်ရန်လမ်းစကို ညွှန်ပြပေးရုံမက ထွက်ပေါက်ကိုလည်း ရှာဖွေပေးနိုင်သူဖြစ်ရပါမည် စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုလုံးချင်းဝတ္ထုတွင် အာကာမိုး၊ စံပယ်၊ ကျင်းလုပ်သားများ၊ လောပန်းနှင့် ဇနီး ဒေါ်နန်းလျန်၊ ကြီးကြပ်ရေးမှူး ဦးဇကျော်၊ မန်နေဂျာ ကျော်မင်းသန်း၊ ကျင်းဆရာအောင်မောင်း၊ မော်အမှတ် ၃၃၈၊ မီးစက်ခုတ်မောင်းသံများ၊ နန်းကြာဆိုသော အင်ချပ်မလေး စသည်တို့ဖြင့် ဝတ္ထုကိုစတင်ထားပြီး ခဲကြိတ်စက်ကြီးမှ ခဲများကြိတ်နေပုံ၊ ချောဘားစက်ကြီးက အောက်မှလုပ်သားများ ထည့်ပေးလိုက်သည့်ခဲအိတ်အပြည့်နှင့် စည်ပိုင်းဘီးတပ်ယာဉ်လေးကို အပေါ်သို့ဆွဲတင်လျက်ရှိပုံ၊ ခဲအိတ်များကို ကျင်းပေါ်လုပ်သားလေးများက ထုတ်ယူပြီး လက်ဆင့်ကမ်းကာ ခဲကြိတ်စက်အနီးသို့ ပို့ဆောင်လျက်ရှိပုံ၊ တစ်ဖန်ခဲအိတ်များကို ခဲကြိတ်စက်ကြီးထဲသွန်းလောင်းကြပုံ၊ ခဲကြိတ်စက်ကြီးထဲမှ ထွက်လာသော တစ်လက်မ၊ တစ်လက်မခွဲအရွယ်ရှိ ခဲများသွား ရေတံလျှောက်မှတစ်ဆင့် ခဲရွှေမလေးများထံရောက်သွားပုံတို့ကို သရုပ်ဖော်ထားသည်။ မော်ထဲတွင် သောက်စားမှားယွင်းတတ်ပုံနှင့် မိမိကိုယ်ကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပုံတို့ကိုလည်း သတိပြုဖွယ် ပညာပေးရေးသားထားသည်။ ဝတ္ထုအဆုံးတွင် ကျောက်အောင်သဖြင့် ဝေစုရသောသူတစ်ယောက် အိမ်ပြန်သွားပုံတို့ကို ရေးဖွဲ့ထားကြောင်း သိရသည်။

ယခုစာအုပ်ကို အုပ်ရေ ၃၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# မြဝတီရသစုံမဂ္ဂဇင်း ထွက်ရှိလာ




မြဝတီစာပေတိုက်က ထုတ်ဝေသော ဇန်နဝါရီလထုတ် မြဝတီရသစုံမဂ္ဂဇင်း ထွက်ရှိလာသည်။

ယခုလထုတ် မဂ္ဂဇင်းတွင် တာဝန်ခံစာတည်း၏ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့၊ တောသားကြီးလူနိုင်၊ မြင်းမူမောင်နိုင်မိုး၊ ချစ်စုအောင်၊ ဒေါက်တာပြေသိန်း (ရန်ကုန်ပညာရေးတက္ကသိုလ်)၊ နေမင်းသန်း(မဲခေါင်စာပေဆုရ)စသည့် ကဗျာဆရာများ၏ ကဗျာများ၊ မောင်တင်ယု၊ စိုးစံ၊ စောဟန်၊ တွမ်တီဝမ်းတို့၏ကာတွန်းများ၊ တက္ကသိုလ်မြတ်သူ၏ အာရှတန်ဖိုး၊ ဒွေးကြည်(စလင်း)၏ စကားကို ဖြန့်ကားချဲ့ထွင်ကြည့်ခြင်း၊ အကျော်ပင်၏ မင်္ဂလာပါ သူငယ်ချင်း၊ မောင်ဖျော်(ပေတစ်ပင်)၏ အတ္တဖယ်ခွာ ကိုယ်ချင်းစာကြပါ၊ ထက်ဝေအောင်(စစ်ကိုင်း)၏ ပိုမိုတောက်ပနေမည့်မနက်ဖြန် စသည့် သုတ၊ ရသဆောင်းပါးများ၊ ဥပြ(ချယ်ရီမြေ)၏သော့၊ မောင်နေခြည်(ပြည်)၏ အရင်အိမ်လေးကိုလွမ်းတယ် ဟူသော ရသစာတမ်းများ၊ သန်လျင်မောင်မောင်ဦး၏ခွင့်လွှတ်ပါလေ ဒေါ်မယ်ခွေ၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၏ စေတနာစာကြည့်တိုက်၊ ညွှန့်ဝင်း(နတ်တလင်း)၏ မျှစ်လည်းစားသာ ဝါးလည်းဖြစ်သာ၊ နေမင်းခန့်(မိချောင်းတွင်း) ၏ ချင်းတွင်းမြစ်ကို သက်သေတည်၍၊ ညောင်ရွှေ-ခင်မောင်မြ၏ ရင်ထဲမှာဝေတဲ့နှင်း စသည့်ဝတ္ထုတိုများဖြင့် စုံစုံလင်လင်၊ ဖွယ်ဖွယ်ရာရာ ဖတ်ချင်စရာများပါရှိသည်။ တစ်ပုဒ်တည်း အားရပါးရဖတ်ချင်သူများအတွက် မောင်ခြိမ့်၏ မျိုးဖျက်တဲ့ပိုးပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)ကိုလည်း ထည့်သွင်းဖော်ပြထားသည်မှာ နှစ်သက်ဖွယ်ဖြစ်သည်။

ယခုလထုတ်မဂ္ဂဇင်းပါ ညောင်ရွှေ-ခင်မောင်မြ၏ ရင်ထဲမှာဝေတဲ့နှင်းဝတ္ထုတိုမှ ကောက်နုတ်ဖော်ပြရလျှင် ဆောင်းလရာသီကာလ အခါသမယမို့ ရှုမျှော်ကြည့်လိုက်လေတိုင်း ငွေနှင်းမှုန်ကလေးများက အုံ့မှိုင်းရီဝေနေသလို မြောက်ပြန်လေညင်းကလေးတွေကလည်း တစ်ချက်တစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာလေတိုင်း ချမ်းချမ်းစိမ့်စိမ့်အေးမြနေပေသည်။

စာ-၁၄၃ မှ

ယခုစာအုပ်ကို အုပ်ရေ ၈၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိကြောင်းသိရသည်။

# ငွေတာရီမဂ္ဂဇင်း ပုံနှိပ်ထုတ်ဝေ




မြဝတီစာပေတိုက်က ထုတ်ဝေသော ဇန်နဝါရီလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ရှိလာပြီဖြစ်သည်။

ယခုလထုတ်မဂ္ဂဇင်းတွင် စာတည်းစာမျက်နှာ၊ ကဗျာ၊ ကာတွန်း၊ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ၊ စာပေနှင့်အနုပညာ၊ ဖတ်ပြီးတွေးတော ပြန်ပြောချင်တဲ့အကြောင်းများ၊ ပန်းချီပြပွဲ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)၊ အသစ် ငွေတာရီ စသည့်ကဏ္ဍများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ရှိလာသည်။

ယခုလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ပြည်တွင်းတစ်နံတစ်လျားမှ စာရေးဆရာ၊ ကဗျာဆရာများပါဝင်ရေးသားထားကြပြီး ဇာနည်၊ မင်းယုဝေ၊ တင့်ထွန်း(ချောက်)၊ အောင်သာဆန်း(သံတွဲ)၊ ကျော်စွာသူ(သာယာဝတီ)၊ မောင်ကာဠု(ပုသိမ်ကြီး) စသည့် ကဗျာဆရာများ၏ ကဗျာများ၊ လွမ်းမောင်(သုဝဏ္ဏ)၊ ဦးကြယ်၊ အောင်ကျော်၊ စောဟန်တို့၏ကာတွန်းများ၊ မောင်သန်းဆွေ(ထားဝယ်)၊ ဒေါက်တာ စိန်မြင့်၊ ဥပြ(ချယ်ရီမြေ)၊ ရွှေကူမေနှင်း၊ မောင်ဆွေသက်၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်) စသည့် စာရေးဆရာများ၏ ဆောင်းပါးများ မြေလတ်မောင်မြင့်သူ၊ ဒွေးကြည်(စလင်း)တို့၏ ရသစာတမ်းများ၊ ပေါ်ဦးသစ်၊ ယဉ်ယဉ်နု(မန္တလေး)၊ ကုမုဒြာ၊ ဆွန်း(စက်မှုတက္ကသိုလ်)၊ မင်းဇော်လူ စသည့်စာရေးဆရာများ၏ ဝတ္ထုတိုများ၊ မောင်ခြိမ့်၏ ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)၊ မာဆာအို(အင်းစိန်)၏ အသစ်ငွေတာရီ စသည့်ဝတ္ထုများပါဝင်ပြီး သုတ၊ ရသ၊ ဘဝဒဿနနှင့် လောကအမြင် စုံလင်စွာ ဖတ်ရှုခံစားနိုင်မည်ဖြစ်သည်။

ယခုလထုတ်မဂ္ဂဇင်းပါ ပေါ်ဦးသစ်၏ မျိုးဆက်ဝတ္ထုတိုမှာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး ကောက်နုတ်ဖော်ပြရလျှင် ဦးစက်ခွမ်သည် တရုတ်ပြည်ကြီးမှလာသော ပြည်ကြီးတရုတ်လူမျိုးစစ်စစ်ဖြစ်သည်။ မည်သည့်အခြေအနေအရပ်ရပ်က သူ့မိသားစုကို ဤမျှသေးငယ်လွန်း၍ မိရိုးဖလာဆန်လွန်းသော အညာမြို့ကလေးဆီ တွန်းပို့လိုက်သည်ကို အခုအချိန်တွင်သိခွင့်မရတော့ပါ။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ သူတို့မိသားစုလည်း သယ်နိုင်သမျှပစ္စည်းများကို သယ်ဆောင်ကာ. . .

စာ-၈၈ မှ

ယခုစာအုပ်ကို အုပ်ရေ ၉၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိကြောင်းသိရသည်။

# သုတအလင်းမဂ္ဂဇင်း ထွက်ရှိလာ




မြဝတီစာပေတိုက်က ထုတ်ဝေသော ဇန်နဝါရီလထုတ် သုတအလင်းမဂ္ဂဇင်း ထွက်ရှိလာသည်။

ယခုလထုတ်မဂ္ဂဇင်းတွင် မြတ်ဗုဒ္ဓ၏အသုံးအမတရားများ၊ တာဝန်ခံစာတည်း၏ အားကစားစိတ်ဓာတ်အပြည့်အဝထားရှိကြစေလို၊ မောင်မောင်လေးထွန်း၏ ထူးခြားဆန်းပြားဖြစ်ရပ်များ၊ ဒေါက်တာလွှမ်းမိုးဟန်၏ အီရန်အမျိုးသမီးထု၏ တန်းတူအခွင့်အရေးရရှိနိုင်ရေးကြိုးပမ်းမှု၊ မောင်သောင်းဝင်း(တမန်ဟောင်း)၏ တောင်တရုတ်ပင်လယ်အရေးတွင် အိန္ဒိယ ဘယ်လိုရပ်တည်သွားသင့်သလဲ၊ ကောင်းစည်သူ၏ ရှေးအကျဆုံး ရှေးဟောင်းသုတေသနနယ်မြေများ၊ မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)၏ ပျူခေတ်ငွေကြေးသုံးစွဲမှု(ပျူဒင်္ဂါး)၊ လွင်သန္တာ၏ ကမ္ဘာ့သက်တမ်းအရှည်ဆုံးသစ်တောကြီးများ၊ မြင့်ဇော်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် လည်ပတ်ရန်အကောင်းဆုံးနေရာများ၊ မောင်သာ(ရှေးဟောင်းသုတေသန)၏ ပုပ္ပားမီးတောင်ဝသို့၊ စန်းနီလာဝင်း၏ ငြိမ်းချမ်းစွာအသုံးပြုရမည့် အကျိုးပြုနျူကလီးယားစွမ်းအင်၊ ဒေါက်တာသန့်စင်(ရူပဗေဒ)၏ အသုံးပြုမှုများလာသော လျှပ်စစ်ကား၊ ဒေါက်တာငြိမ်းချမ်း၏ လည်ပင်းကျိုးပေါင်းတက်ခြင်း၊ ထူးထက်၏ ကမ္ဘာ့မြို့တော်များ(စတော့ဟုမ်း)၊ ကျော်အောင်(ဖျာပုံတမံ)၏ တရုတ်နိုင်ငံ၏ ထင်ရှားသောနေရာများ၊ မြတ်မင်း၏ လူဦးရေအရ ကမ္ဘာ့အသေးငယ်ဆုံးမြို့များ စသည့်သုတဖြစ်ဖွယ်ရာဆောင်းပါးများကို စိတ်ဝင်စားဖွယ် တင်ဆက်ဖော်ပြထားကြောင်း တွေ့ရသည်။

ယခုလထုတ်မဂ္ဂဇင်းပါ မြတ်မင်း၏ လူဦးရေအရ ကမ္ဘာ့အသေးငယ်ဆုံးမြို့များမှ ကောက်နုတ်ဖော်ပြရလျှင် St. David ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးမြို့များထဲမှ တစ်ခုဖြစ်ပြီး ဝေလပြည်နယ်တွင် တည်ရှိသည့် မြို့ငယ်တစ်မြို့လည်းဖြစ်သည်။ ၎င်းမြို့ကို ၅၀၀ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး စိန့်ဒေးဗစ်တည်ထောင်ခဲ့သော ဘုရားရှိခိုးကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများကို တွေ့မြင်နိုင်ပါသေးသည်။

စာ-၁၀၅ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ဘာသာဗေဒနိဒါန်း ထုတ်ဝေဖြန့်ချိ




The Key Collection စာပေက ထုတ်ဝေသော မောင်ခင်မင်(ဓနုဖြူ)၏ ဘာသာဗေဒနိဒါန်း စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ အမှာပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာဂုဏ်ထူးတန်း တက်စဉ်ပါမောက္ခဆရာကြီး ဦးဝန်(မင်းသုဝဏ်)က ကျွန်တော်တို့အား ဆရာကြီး ဦးဖေမောင်တင်၏ 'ဘာသာလောကကျမ်း'ကို လေ့လာစေပြီး ကမ္ဘာပေါ်ရှိ ဘာသာစကားမျိုးရိုးများအကြောင်း၊ ဘာသာစကားအမျိုးအစားများအကြောင်း မိတ်ဆက် ပို့ချပေးသည့်အတွက်'ဘာသာဗေဒ' အကြောင်း စတင်သိခွင့်ရပြီး စိတ်ဝင်စားခဲ့ရပါသည် စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်ပါ အခန်း ၇ မှ အနက်အဓိပ္ပာယ်နှစ်မျိုးကို အနက်ရိုးနှင့်ဂယက်အနက်ဟူသော ခေါင်းစဉ်များဖြင့် ရှင်းလင်းဖော်ပြထားပြီး ကောက်နုတ်ဖော်ပြရလျှင် အနက်ရိုးသည် စကားလုံးဖြင့် ရည်ညွှန်းသောအညွှန်းခံ၏သဘောလက္ခဏာများကို ဖွင့်ဆိုသောအနက်ဖြစ်သည်။ ပုံစံအားဖြင့် 'အိမ်=နေရန်ဆောက်လုပ်ထားသော အဆောက်အအုံ'၊ 'ပင်လယ်=ဆားငန်ရေပြင်ကျယ်ကြီး'၊ ဆက်လက်၍ ဂယက်အနက်ကို ဤသို့ရှင်းလင်းဖော်ပြထားသည်။ အနက်ရိုးနှင့်ဆက်စပ်ပေါ်ပေါက်လာသော အတွေးများ၊ ခံစားမှုများ၊ လူမှုအခြေအနေများကို ဆိုလိုခြင်းဖြစ်သည်။ အနက်ရိုးနှင့်အတူ ဂယက်သဖွယ်ရိုက်ခတ်သော အနက်များ ဖြစ်သည့်အတွက် **ဂယက်အနက်** ဟု ခေါ်သည်။ 'ပုဂံ' ဟူသော စကားတွင် 'မြန်မာမင်းနေပြည်တော်ဖြစ်ခဲ့သော မြို့' ဟူသော အနက်ရိုးနှင့်အတူ ဂုဏ်ယူဖွယ် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာဒေသဟူသော အတွေးနှင့် လေးစားဂုဏ်ယူသည့် ခံစားမှုပါ ယှဉ်တွဲပေါ်လာနိုင်ပါသည်။

စာ- ၁၃၄ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀၀ ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၁၃၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်

# ပုသိမ်မြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဒီဇင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၅၄၉၄ ဦးထိ လာရောက်လည်ပတ်ခဲ့



**ပုသိမ် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၅၄၉၄ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ သိရသည်။

ပုသိမ်မြို့နယ်ရှိ ခရီးသွားဒေသတစ်ခုဖြစ်သည့် ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၅၄၉၄ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း၊ အဆိုပါ လာရောက်လည်ပတ်ခဲ့သည့် ခရီးသွားဧည့်သည် ၁၅၄၉၄ ဦးတွင် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးလာရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

"ရွှေသောင်ယံ ကမ်းခြေဟာ ပုသိမ်မြို့နယ်ထဲမှာ ငွေဆောင်၊ ချောင်းသာတို့နည်းတူ ခရီးသွားကမ်းခြေဒေသတစ်ခုဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် သီတင်းကျွတ်ကာလမှာ ကတည်းကစတင်ပြီး နေ့စဉ်ရွှေသောင်ယံကမ်းခြေမှာ ဧည့်သည်မပြတ်ရှိနေတာ တွေ့ရတယ်။ အထူးသဖြင့် ရုံးပိတ်ရက်တွေဆို ခရီးသွားဧည့်သည်တွေဟာ သိသိသာသာကို တိုးခဲ့တာဖြစ်တယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလပိတ်ရက်တွေမှာလဲ ခရီးသွားဧည့်သည်တွေ တော်တော်များခဲ့ပါတယ်။ ခရီးသွားဧည့်သည်တွေကတော့ ရန်ကုန်တိုင်းဒေသကြီးဘက်က အများဆုံး လာရောက်ခဲ့တာ တွေ့ရပါတယ်။ ရွှေသောင်ယံကမ်းခြေကို လာတဲ့ ဧည့်သည်တွေအတွက် ရောဂါအန္တရာယ်ကင်းဝေးစေဖို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းတွေ၊ ကမ်းခြေရဲ့သဘာဝအလှကိုအပြည့်အဝခံစားရစေဖို့အတွက် အမှိုက်ကအစ ကမ်းခြေသန့်ရှင်းသပ်ရပ်သာယာလှပစေဖို့ လုပ်ငန်းတွေကို ဌာနဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ဒေသခံတွေ၊ ဟိုတယ်လုပ်ငန်းရှင်တွေက အပတ်စဉ် ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ကေကေခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း လာရောက်လည်ပတ်ခဲ့သည့် ခရီးသွားဧည့်သည်များ အနေဖြင့် ဒီဇင်ဘာလပထမပတ်တွင် ၄၁၂၂ ဦး၊ ဒုတိယပတ်တွင် ၅၁၁၆ ဦး၊ တတိယပတ်တွင် ၆၂၅၆ ဦး စုစုပေါင်း ၁၅၄၉၄ ဦးထိ လာရောက် လည်ပတ်ခဲ့ကြောင်း၊ ပုသိမ်မြို့ရှိ ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်အပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာအလုံးရေ ၂၀ ကျော်ထိရှိကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ သိရသည်။ **ကျော်ကျော်လင်း**

# မြောက်ဦးမြို့နယ် ကုန်းရွာကျေးရွာ၌ အုတ်ရေလှောင်ကန်တည်ဆောက်ပြီးစီးမှု စစ်ဆေး

**မြောက်ဦး ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ မော်ရွာကျေးရွာအုပ်စု ကုန်းရွာကျေးရွာ၌ ရေရရှိသည့်လုပ်ငန်းဖြစ်သည့် ဂါလန် ၁၅၀၀ ဆံ့ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစော၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ ကုန်းရွာကျေးရွာ၌ အလျား ကိုးပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေရှိ ဂါလန် ၁၅၀၀ ဆံ့အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဘစောက ကျေးရွာရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းရန် ဆွေးနွေးမှာကြားခဲ့သည်။

မြောက်ဦးမြို့နယ် ကုန်းရွာကျေးရွာ၌ ဂါလန် ၁၅၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့် တင်ဒါအောင်မြင်သည့် တာရာလင်းလက်ထွန်းကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၂၇ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် ကုန်းရွာကျေးရွာရှိ အိမ်ခြေ ၉၂၊ လူဦးရေ ၅၄၂ ဦးတို့ကို သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ပြောပြ၍ သိရသည်။ **ကိုသန်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**












"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## ကြိုတင်ကာကွယ် မီးအန္တရာယ်

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကို ဗဟိုပြုသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း...

❖ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ကြောင်း...

❖ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်း၏ အခန်းကဏ္ဍသည် တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း...

**(အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များကို အဝေးရောက်လက်ခံယူသည့် ပုဂ္ဂိုလ်များရှိရာနေရာများသို့ သွားရောက်၍ ကာယကံရှင်၊ မိသားစုဝင်များထံသို့ လက်ရောက်ပေးအပ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် သီရိပျံချီဦးမောင်ကိုက ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့် သတိုးမဟာသရေစည်သူဘွဲ့ရရှိသူ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဦးမောင်မောင်ခ ကိုယ်စား၊ ဇနီးမဖြစ်သူ ဒေါ်လွင်လွင်မြင့်ထံ ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် သီရိပျံချီဦးမောင်ကိုက ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့် အလင်္ကာကျော်စွာဘွဲ့ရရှိသူ ဦးကိုလေး(ကိုလေး အင်းဝဂုဏ်ရည်)အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။**

**မန္တလေး၊ ဇန်နဝါရီ ၁၀**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားများကို အောင်မြင်စွာ ကျင်းပကာ အခမ်းအနားတက်ရောက်လာသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ ရရှိသည့်ဂုဏ်ထူးဆောင်ဘွဲ့များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က ကိုယ်တိုင် တစ်ဦးချင်းလက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်သည်။

အဆိုပါဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း **စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

**ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်** စာမျက်နှာ - ၂၀

**ပုသိမ်မြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဒီဇင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁၅၄၉၄ ဦးထိ လာရောက်လည်ပတ်ခဲ့** စာမျက်နှာ - ၂၀